
တိမ်စိုင်ငယ်လို
Noon
Nun-i

## အပိုင်း(၁)

"မင်းတခြားနေရာမှာမလုပ်ဘဲ ဘာလို့ဒီအလုပ်မှာ ဝင်လုပ်ရတာလဲ"

အလုပ်နားချိန် ဖုန်တွေ၊ သဲတွေပေရေနေပြီး နံ့ရံကိုမှီကာ ထိုင်နေသော ကောင်လေးကို ဘေးရှိအမျိုးသား တစ်ယောက်မှ မေးလိုက်သည်။

"လုပ်ချင်လို့တော့ ဘယ်ဟုတ်ပါ့မလဲဗျာ အသက်ရှင်ဖို့အတွက် ရွေးချယ်စရာမှ မရှိတာ ဦးလေးရယ်"

နေ့လယ်ခင်း ချစ်ချစ်တောက်ပူနေသော နေရောင်အောက်တွင် လူအယောက်နှစ်ဆယ်လောက် ဘိလပ်မြေထုပ်တွေ ပခုံးပေါ် တင်ကာထမ်းရင်း မရပ်မနား အလုပ်လုပ်နေကြသည်။

14 ထပ်ပါအထပ်မြင့် အဆောက်အအုံဆောက်ရန် နေ့စားအလုပ်သမားများ ချွေးသံတရဲရဲနှင့် အပူဒဏ်ကို အန်တုကာ ငွေရေးကြေးရေးအတွက် တိုက်ပွဲဝင်နေကြရသည်။ ထိုလူတွေအထဲမှာတော့ သူအပါအဝင်ပေ။

နားချိန်အတွင်း စားသောက်ရန်လည်း ထမင်းချိုင့်မရှိသောကြောင့် ဆာလောင်နေသောဒဏ်ကို မေ့ဖျောက်ကာ အလုပ်ဆက်လုပ်ရန် ထိုင်နေရာမှ ထသွားသည်။ ဘေးရှိ ထိုအမျိုးသားကတော့ ကောင်လေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

ညနေစောင်းလောက် ရောက်မှသာ အလုပ်ဆင်းရသည်။ တစ်နေ့လုပ်တစ်နေ့စားဆိုတော့ ရတဲ့ ငွေကလေးအိတ်ထဲမှာ ထည့်ပြီး စလွယ်သိုင်းကာ အိမ်ပြန်လာခဲ့သည်။

"သား ပြန်လာပြီလား ဒီနေ့ရေဖိုးတွေ၊ မီတာဖိုးတွေ ရောက်လာတယ်"

မောမောပန်းပန်းနှင့် အလုပ်လုပ်ကာ အိမ်ပေါ်ရောက်ရောက်ချင်း အမေပေးသော ထိုစာရွက် အပိုင်းအစများကြောင့် အမောဆို့ သွားခဲ့ရသည်။ စိတ်ဆင်းရဲရသော်လည်းပဲ မျက်နှာတွင်တော့ မည်သည့် အရိပ်အယောင်မျှမပြခဲ့။ တစ်ယောက်တည်းရှိသော အမေ့ကိုတော့ သူပျော်စေချင်ခဲ့သည်လေ။

"မနက်ဖြန် သားသွားဆောင်လိုက်မယ် အမေကော ထမင်းစားပြီးပြီလား သားဘာချက်ပေးရမလဲ"

"ရပါတယ် အမေကစားပြီးပြီ သားစားချင်တာသာ ကိုယ့်ဘာကိုယ်ချက်စား"

"ဒါဆို သားရေမိုးချိုးပြီးမှပဲ ချက်လိုက်တော့မယ်"

"အင်းအင်း"

တစ်နေ့လုံး ဘိလပ်မြေအိတ်တွေ ထမ်းထားရသဖြင့် ပခုံးတို့မှာ ညောင်းညာနေသည်။ စေးကပ်ကပ်ချွေးများ ရွှဲနစ်နေသော တီရှပ်လက်တိုကို ခေါင်းကနေ ဆွဲချွတ်လိုက်သည်။

ထိုချွေးတို့ကြောင့် ကိုယ့်အနံ့ကိုပင် မခံချင်လောက်အောင် မသတီစရာကောင်းလှသည်။ ရေချိုးခန်းထဲဝင်ပြီး အုတ်ကန်မှ အေးစက်နေသော ရေတစ်ခွက်ခပ်ကာ ပါးစပ်ထဲတွင်တစ်ငုံ ငုံလိုက်ပြီးကာမှ ခြေဖမိုးထက်ကနေ ရေလောင်းချလိုက်သည်။

နေပူကျဲတဲမှ လာရသည်မို့ ခေါင်းကနေ ရေလောင်းချမည်ဆိုလျှင် ဦးနှောက်သွေးကြော ပြတ်သွားနိုင်သဖြင့် သတိထားကာ ရေချိုးခါနီးတိုင်း အပူမငုပ်အောင် ထိုသို့လုပ်လေ့ရှိသည်။

သူ့နာမည်က တိမ်စိုင်၊ ဘွဲ့ရပညာတတ် တစ်ယောက် ဖြစ်ပေမဲ့လို့ ယခု

ခေတ်ကြီးမှာ ဘွဲ့လက်မှတ်က အလုပ်တစ်ခုရဖို့ သိပ်အသုံးမဝင်ခဲ့ပေ။ တိမ်စိုင့်အမေတွင် အစာအိမ်ရောဂါရှိသည်။ ပြောရလျှင်တော့ ကင်ဆာပင်ဖြစ်နေပြီ။

ဆေးကုဖို့အတွက်ကလည်း ပိုင်ဆိုင်တာဆိုလို့ အိမ်တစ်လုံးအပြင် သူ့မှာ အပိုမရှိပေ။ ထိုအိမ်ကြီး ရောင်းလိုက်ပြန်ရင်လည်း နေစရာထိုင်စရာမရှိဘဲ လမ်းဘေးမှာနေရမည့် ဘဝသို့ရောက်ရန် လက်တစ်ကမ်း အလိုလောက်ဖြစ်နေသည်။

တိမ်စိုင်မွေးခင်းစ အရွယ်လောက်ကတည်းက ဖခင်မရှိတော့သည်ကို အမေပြောပြလို့ သူသိထားရသည်။ အဖေလောကကြီးကနေ စောစောစီးစီး ထွက်သွားခဲ့တာကြောင့် အမေတစ်ခုသားတစ်ခု နေထိုင်ခဲ့ကြရသည်။

ဆေးဖိုးဝါးခတင်ပဲ တစ်လလျှင် နှစ်သိန်းနီးနီးကုန်သည်။ အမေရောဂါမဖြစ်ခင်တုန်းကတော့ အမေရှာကျွေးတဲ့ ငွေနဲ့အဆင်ပြေနေခဲ့သည်။ သို့ပေမဲ့ အခုတော့ အခြေအနေတွေက ပြောင်းပြန်လှန် ပစ်လိုက်သလို လက်ထဲမှာ ကိုင်စရာငွေကြေးက ကားခအပြင် အပိုအလျှံမရှိခဲ့ပေ။

တိမ်စိုင် မလုပ်ခဲ့ဖူးသော အလုပ်ဆိုသည်မှာ ခပ်ရှားရှား။ မနက်ခင်း သတင်းစာပို့၊ နေ့လယ်ဆိုလျှင် ရေပုံးထမ်းကာ တစ်အိမ်ဝင် တစ်အိမ်ထွက် လိုက်ပို့ခဲ့ဖူးသည်။

ဈေးထဲတွင်လည်း ကုန်တင်ကုန်ချ အထမ်းသည် ဖြစ်ခဲ့ဖူးသည်။ အရင်က ပဲလုပ်ခဲ့တာမဟုတ် အခုလည်း ဘိလပ်မြေမထမ်းရတဲ့နေ့တွေဆိုရင် ရပ်ကွက်ပတ်ပြီး ရှိသမျှအလုပ် အကုန်သိမ်းကျုံး လုပ်ရှာသည်။

ဘယ်အလုပ်က မကောင်းဘူး၊ ဘယ်အလုပ်က ကောင်းတယ်ဆိုပြီး သူရွေးနေလို့မရပေ။ ဒါကြောင့် အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုတဲ့ ဂုဏ်ပုဒ်နဲ့အညီ ကြိုးရာကျပန်း ဝင်လုပ်သည်။

သူဆိုက်ကားလည်း နင်းခဲ့ဖူးသည်။ ဒါပေမဲ့ တစ်နေကုန် ပတ်နင်းမှ ငွေလေးနည်းနည်း ရတာဆိုတော့ တွက်ခြေမကိုက်ပေ။ အခုဆိုက်ထဲတွင် လုပ်ရတဲ့ အလုပ်ကတော့ လက်တွေပေါက်ပြဲပြီး ခန္ဓာကိုယ် ကိုက်ခဲပေမဲ့လည်း အလုပ်ရှင်က စိတ်ထားကောင်းတာကြောင့် သူလုပ်ရပျော်သည်။ လုပ်အားခကလည်း ကိုယ်လုပ်နိုင်ရင် လုပ်နိုင်သလောက် ရသဖြင့် အဆင်ပြေနေသည်။

သားအမိနှစ်ယောက်တည်း အကြွေးပင်လယ်ထဲတွင် လက်ပစ်ကူး နေရသည်မှာ ထင်သလောက်တော့ မလွယ်ကူပေ။ အကြွေးမှာ ဆယ်ဂဏန်းတောင်မဟုတ် သိန်းသုံးရာနား ကပ်နေသည်။

ထိုအကြွေးတွေ တင်ခဲ့သည်မှာ တစ်လတစ်လပေးရတဲ့ အခွန်အဖိုးအခတွေ၊ အမေသောက်ဖို့ ဝယ်ရတဲ့ ဆေးဖိုးတွေကို ဟိုလူဒီလူဆီက လှည့်ချေးရင်း အတိုးမသတ်နိုင်ဘဲ အတိုးပေါ် အတိုးဆင့်ကာ အကြွေးတောထဲ နစ်မြုပ်သွားခဲ့ရသည်။

တိမ်စိုင်ရဲ့အဖြစ်က မိုးရာသီနှင့်ဆင်တူသည်။ တစ်ခါတစ်ရံ နေရောင်တွေဖြာသလို၊ တစ်ခါတစ်ရံလည်း မိုးကြိုးတွေပစ်ပြီး မုန်တိုင်းတွေ တိုက်လိုတိုက်။

အဲဒီမိုးရာသီတွေအစား မိုးရွာပြီးတဲ့အခါ တိမ်တိုက်တွေ ကင်းစင်သွားရင်ပေါ်ထွက်လာတတ်တဲ့ သက်တံလေးတစ်စင်းလို သူအရောင်အသွေးစုံလင်ချင်မိသည်။

ယခင်ကတော့ သူကသက်တံတစ်စင်းလိုပါပဲ အရောင်အသွေး စုံလင်ပြီးငွေကိုအေးအေးလူလူ သုံးစွဲနိုင်ခဲ့သည်။ သို့ပေမဲ့လည်း ခုကတော့ တခြားစီတစ်ရက်သုံးဖို့ ငွေကိုတောင် နဖူးက ချွေးခြေမ,ကျတဲ့အထိ ကုန်းရုန်းကာလုပ်နေရသည်။

တိမ်စိုင့်မှာ ကောင်းတဲ့ အကျင့်လေးတစ်ခုရှိသည်။ အဲဒါက သူငွေ အသုံးအဖြုန်း မကြမ်းပေ။ နောက်ပြီး သူထမင်းစားရင်လည်း သူ့အတွက်က အသားတစ်တုံးဆို လုံလောက်ပြီ။ ဟင်းများနေရင်သူမစားတတ်ပေမဲ့၊ ဟင်း နည်းရင်တော့ သူအဆင်ပြေအောင် စားတတ်သည်။

နေရတဲ့အိမ်က တိုက်တစ်ဝက်၊ ပျဉ်တစ်ဝက် အိမ်ပုလေးတစ်လုံး အကောင်းကြီးလည်း မဟုတ်သလို ဆိုးရွားတယ်လို့လည်း ဆိုလို့ မရ ပြန်ပေ။ အဖေထားရစ်ခဲ့တဲ့ တစ်ခုတည်းသောအမွေ။ ရောဂါသည်အမေနဲ့ နေနေရတာ ခုဆို တစ်နှစ်ကျော်လောက်တော့ ရှိခဲ့ပြီ။

ကင်ဆာအဆင့်လေး ဖြစ်နေပေမဲ့လည်း ဆေးရုံမတက်နိုင်ပေ။ အိမ်မှာပဲ နေပြီး ဆေးရုံကို ဆေးသွားသွားသွင်းရသည်။ အစာပျော့ပျော့တွေ ချက် ကျွေးရသည်။ တစ်ခါတလေဆို ပြန်ပြန်အန်တတ်တော့ အရည်လေးပဲတိုက် ရသည်။

အမေ မသွားနိုင်၊ မလာနိုင်နဲ့ အိမ်ထဲမှာပဲ အချိန်ကုန် လူပင်ပန်းနေရ သည်။ ဆရာဝန်ပြောသည်မှာ ကင်ဆာအဆင့်လေးရှိနေပြီး ခြောက်လ လောက်ပဲ နေခွင့်ရတော့မည်ဟူ၍ ဖြစ်သည်။

အမေ့ကိုမေးတော့ သူဆေးရုံမတက်ချင်ဘူး သေမယ်ဆိုရင်လည်း သားရဲ့ ဘေးမှာပဲ အရိုးထုတ် သွားခဲ့ချင်တယ်လို့ ပြောတော့ အမေစိတ်ချမ်းသာရင် သူ့အတွက်က အဆင်ပြေတာကြောင့် ဆေးပဲသွင်းပြီး မှိန်းနေရတော့သည်။

"သားရေ ရေချိုးလို့ မပြီးသေးဘူးလား အအေးပတ်မယ်"

"ပြီးပြီ အမေ"

တိမ်စိုင် ပခုံးပေါ် တဘက်တင်ကာ ရေချိုးခန်းထဲမှ ထွက်လာသည်။

ပုဆိုးကို ချက်ဖုံးသည်အထိ ခိုင်ခံ့စွာ ချည်နှောင်၍ဝတ်ထားသည်။ အခြား

သူများကဲ့သို့ ပုဆိုးချက်ပြုတ် မဝတ်တတ်သည်မှာလည်း သူ၏ထူးခြားသော အချက်ပင်။

ရွှန်းစိုစိုနူတ်ခမ်းပါးနှင့် ကြည်လဲ့သော အသားအရေတို့ကြောင့် နုနယ်သည်ဟု ထင်ရပါသော်လည်း ခန္ဓာကိုယ်မှာ မထင်မှတ်ထားလောက်အောင် တောင့်တင်းလှသည်။

ရေလှိုင်းသဏ္ဍာန် ခပ်တွန့်တွန့် ဆံပင်လေးမှာ ဆွဲဆောင်မှုတစ်ရပ် အနေနှင့် နဖူးထပ်၌ ဝေ့ကာဝဲလျက်။ ခြောက်ပေကျော်မျှ ရှည်လျားသော အရပ်ကြောင့်တော်ရုံလူ အနားမကပ်မနိုင်ပေ။

ဗီရိုထဲတွင်ရှိသော ပုဆိုးသုံးလေးထည်ထဲမှ သူဝတ်နေကျ ခရမ်းရောင်ပုဆိုးလေးကိုပဲ ရွေးဝတ်လိုက်သည်။ ရာသီဥတုကပူသည်မို့ စွပ်ကျယ်ဖြူလေးတစ်ထည်သာ ကောက်စွပ်လိုက်သည်။

မာကျစ်ကျစ်လက်မောင်း ဖြူဖြူတုတ်တုတ်ကလေးမှာ စွပ်ကျယ်ကြောင့် ထင်ရှားစွာ ပေါ်လွင်နေသည်။ အလေးအပင် သယ်ရမ,ရသဖြင့် ရင်အုပ်နှင့် ဗိုက်ကြွက်သားတို့မှာ အားကစားလိုက်စားသူ တစ်ယောက်ကဲ့သို့ အလုံးအထည်ပေါ်လှသည်။

တိမ်စိုင် မီးဖိုချောင်ထဲဝင်ကာ ဒယ်အိုးတစ်အိုးဆွဲယူပြီး မီးဖိုပေါ်တွင် တင်ထားလိုက်သည်။ ဆီလိုသလောက်ထည့်ကာ ဆားနည်းနည်း ဖြူးလိုက်သည်။ ထို့နောက် ခုံပေါ်တွင် တင်ထားသော ကြက်ဥကို ပန်းကန်လုံးထဲ ဖောက်ထည့်ကာ ဇွန်းနှင့်ခလောက်ပြီး ဒယ်အိုးထဲ လောင်းချလိုက်သည်။

ကြော်ပြီးသားကြက်ဥနှင့် ထမင်းလက်တစ်ဆုပ်စာကို ပန်းကန်တစ်ချပ်မှာ ထည့်ပြီး အိမ်ရှေ့ခန်းအမေ ထိုင်နေသည့် နေရာသို့ ယူလာခဲ့သည်။

အမေ့ဘေးက ခုံအလွတ်မှာ ဝင်မထိုင်ဘဲ ခြေရင်းနားလေးမှာသာ

ပန်းကန်ကိုင်ပြီး ထမင်းစားနေသည်။

"သားလေး ပင်ပန်းရတာ အမေ့ကြောင့်ပါ"

နွမ်းလျသော မျက်နှာလေးဖြင့် အောက်တွင်ထိုင်နေသော တိမ်စိုင့်ပါးကို လက်ဖဝါးသေးသေးလေးနှင့် လာကိုင်သည်။

ထမင်းပန်းကန်ကို အောက်ချလိုက်ပြီး ပါးပေါ်က အမေ့လက်ကို သူပြန်အုပ်မိုးကာ ကိုင်ထားလိုက်သည်။ တိမ်စိုင်မှာ လူကောင်ထွားတာကြောင့် လက်ဖဝါးပြင်သည်လည်း ကြီးလှသဖြင့် အမေ့လက်ကလေးမှာ တိမ်စိုင့်လက်အောက်တွင်မြုပ်နေသည်။

တိမ်စိုင် နှုတ်ခမ်းပါးလေး တွန့်ပြုံးကာ ဝိုင်းစက်စက် မျက်လုံးတို့ဖြင့် အမေ့ကိုကြည့်လျက်။

"အမေ အမေ့ကို သားပြောပြီးပြီလေ ဒါအမေ့ကြောင့် မဟုတ်ဘူးလို့ ကံဆိုတာဒီလိုပါပဲ အမေရယ် နိမ့်တဲ့အခါလည်း ရှိတာပေါ့ ဒါကိုသားတို့က လွန်ဆန်ပြီး ရှောင်ဖယ်နေလို့ မရဘူးလေ ရင်တော့ ရင်ဆိုင်ကြည့်ရမှာပဲ သားအသက်က ခုမှ ၂၃ ပဲ ရှိပါသေးတယ် အမေရယ် သားလောကဓံတရားကို ခံနိုင်ရည်ရှိပါတယ် စိတ်မပူပါနဲ့"

တိမ်စိုင့်အမေ ဘာမှမပြန်တော့ဘဲ ပါးပေါ်ကလက်ကိုဖယ်ကာ တိမ်စိုင်၏ ကွေးကောက်ကောက် ဆံနွယ်များကို ပွတ်သပ်ပေးနေသည်။

သူမဒီလောကကြီးမှာ မရှိတော့ရင်တောင် တိမ်စိုင်တစ်ယောက် ကောင်းကောင်းမွန်မွန် နေနိုင်မည်ကို သိသဖြင့် မနက်ဖြန်၊ သန်ဘက်ခါ သေရမည်ဆိုလျှင်လည်း စိတ်ချချနှင့် ထားသွားနိုင်သည်။

တိမ်စိုင် တင်ပျဉ်ခွေချိတ်ကာ ထိုင်ရင်း တီဗွီကြည့်နေသည်။ အချိန်မှာ ခြောက်နာရီ ထိုးနေပြီဖြစ်သဖြင့် အမေနှင့်အတူ ကြည့်နေကြဖြစ်သော ကို

ရီးယားကား လာနေသည်။

နားရသည့်အချိန်ဆိုလို့ ဉာဉ့်ညဘက်တစ်ချိန်သာ သူ့မှာရှိသည်။ ဇာတ်ကား ကြည့်လို့ပြီးတော့ ဆေးစရာရှိတဲ့ ပန်းကန်တွေ၊ သူ့အမေအပေါ့စွန့်ထားတဲ့ အိုးတွေ ထိုင်ဆေးသည်။

မီးဖိုချောင်ကို ပြောင်လက်နေအောင် ဆေးကြောတိုက်ချွတ်ပြီးမှ တိမ်စိုင် နေသာ ထိုင်သာ ရှိသွားပုံရသည်။ ရေစိုနေသောလက်ကို လက်သုတ်ပဝါနဲ့ သုတ်ပြီး အခန်းထဲမှာ အိပ်ပျော်နေတဲ့ အမေဖြစ်သူကို ကန်တော့ပြီးမှ တိမ် စိုင် သူ့အခန်းထဲဝင်လာခဲ့သည်။

ခုတင်မရှိသော အခန်းငယ်အတွင်းတွင် ဂွမ်းကပ်စောင်နှစ်ထည် ထပ် ထားသည်ကို ကြည့်ရသည်မှာ သူ့အိပ်ရာဖြစ်ပုံပေါ်သည်။

အခန်းမီးကိုပိတ်ကာ ထိုမထူမပါးဂွမ်းစောင်ပေါ်သို့ လှဲချလိုက်သည်။ ပူအိုက်သဖြင့် မအိပ်နိုင်သေးဘဲ အိပ်ရာဘေးက ယပ်တောင်ကို ဟိုစမ်းဒီ စမ်းနှင့် လိုက်ရှာနေသည်။

ထိုယပ်တောင်ကို စမ်းလို့မိတော့ အားကုန်သုံးကာ တဖျပ်ဖျပ်နှင့် ခတ် နေသည်။ ပင်ပန်းသွားလို့ ထင်ပါရဲ့ ကိုင်ထားတဲ့ ယပ်တောင်ကို ရင်ဘတ် ပေါ်တင်ပြီး မျက်လုံးလေး စင်းလာကာ ခေါင်းရင်းဘက် ပြတင်းပေါက်မှ ဝင်လာသော လေပြည်နှင့်အတူ အိပ်မက်ကမ္ဘာထဲသို့ တဖြည်းဖြည်း ရောက် ရှိသွားသည်။

***

သိန်းပေါင်းသောင်းနှင့်ချီကာ ပေးဝယ်ရသော ဘိုးဘွားပိုင် အိမ်တစ်လုံး။ ရန်ကုန်မြို့၏ အလယ်တွင် တည်ရှိသည်။ ပေ 200 ပတ်လည် တည်ဆောက် ထားတဲ့ နှစ်ထပ်တိုက် အိမ်ခပ်ကြီးကြီး။

မျက်စိအေးသော အပြာနုရောင်ကို ရွေးချယ်ကာ တစ်အိမ်လုံးကို ဆေးသုတ်ထားသည်။ ခြံထဲတွင် အရောင်အသွေး စုံလင်သော သစ်ပင်၊ ပန်းပင် တိုလီမုတ်စကလေးများကို ပန်းခြံတစ်ခုသဖွယ် စီတန်းကာ စိုက်ပျိုးထားသည်။

စံပယ်အိုးပုတ်၊ ကစ္စမီ၊ နှင်းဆီ အစရှိတဲ့ပန်းတွေကိုတော့ ခြံပတ်ပတ်လည်မှာ ထောင့်စေ့နေအောင် အကျအနနေရာချပြီး စိုက်ထားသည်ကို တွေ့ရသည်။ အဲဒီအနီးအနားမှာ လသာဆောင် သဘောမျိုးနဲ့ အမိုးတစ်ခုအောက်မှာ ချထားတဲ့ စားပွဲနဲ့ခုံတွေ။

ခြံရဲ့ညာဘက်အခြမ်း အိမ်ပေါက်ဝနဲ့နီးတဲ့ နေရာမှာတော့ ဒန်းတစ်ခု။ ဘယ်ဘက်ကို ကြည့်လိုက်မယ်ဆိုရင် ဆယ်ပေကျယ်ဝန်းတဲ့ ရေကူးကန်တစ်ကန်။ ကားဂိုဒေါင်ထဲမှာတော့ crown အဖြူရောင်တစ်စီး ပါကင်ထိုးထားသည်။

ထိုင်လိုက်ရင် မြုပ်ဝင်သွားလောက်အောင် အိစက်နေတဲ့ ဆိုဖာခုံတန်းရှည်တွေ ထားထားတဲ့ ဧည့်ခန်း။ ဖန်နှင့် ပြုလုပ်ထားသော လေးထောင့်စားပွဲခုံတစ်ခုအား ထိုဆိုဖာများနှင့် ဝိုင်းကာပတ်ထားသည်။

နှစ်ပေခွဲစာလောက်ရှည်တဲ့ တီဗွီတစ်လုံးလည်း ရှိသေးသည်။ ဧည့်ခန်းရဲ့ ထောင့်နေရာမှာ ကလေးကစားစရာ အရုပ်တွေကို ပလတ်စတစ်ဘူး သုံးလေးဘူးထဲထည့်ပြီး အထပ်ထပ်ဆင့်ကာ တင်ထားသည်။

ဧည့်ခန်းမှာ လူအိပ်ခန်းတစ်ခန်းစာမျှ ကျယ်ဝန်းပြီး ဧည့်ခန်းရဲ့ရှေ့ဘက်မှာ ဘုရားခန်း တစ်ခန်းရှိသည်။ ထိုဘုရားခန်းထဲတွင် ကြည်ညိုဖွယ်ကောင်းသော ရွှေရောင် ဝင်းလက်နေသည့် ဘုရားတစ်ဆူကို ဝင်လိုက်သည်နှင့် တွေ့နိုင်သည်။

နှင်းဆီပန်း အနီရောင်များ အပြည့်ထိုးထားသော ကြွေပန်းအိုးနှစ်အိုး၊

ကြွေပန်းအိုးသုံးအိုး အသီးသီးနှင့် သောက်တော်ရေငါးခွက်၊ ဆွမ်း၊ ဟင်းများကိုလည်း အစုံအလင် ကပ်လှူထားသည်မှာ မြင်ရသူအဖို့ စိတ်ချမ်းမြေ့သွားမည်မှာ အမှန်ပင်။

အိမ်ထဲဝင်ပြီး ဧည့်ခန်းကို ကျော်သွားမည်ဆိုလျှင် ဘယ်ဘက်အခြမ်း၌ အပေါ်ထပ်သို့တက်ရန် လှေကားတစ်ခုနှင့် လူနေခန်းတစ်ခန်း။ ညာဘက်တွင်တော့ ဟာလာဟင်းလင်းနံရံ။

ဆက်လျှောက်သွားရင် မီးဖိုချောင်။ အဲဒီမှာတော့ ဂတ်စ်မီးဖို၊ ဘေစင်နဲ့ ပန်းကန်တင်တဲ့စင်တွေအပြည့်။ လူတစ်ရပ်လောက်ရှိတဲ့ ရေခဲသေတ္တာ အမည်းရောင်နှစ်လုံး။ တစ်လုံးက ထမင်းချက်တဲ့အခါ လိုအပ်တဲ့ အသီးအနှံတွေထည့်ဖို့၊ နောက်တစ်လုံးကတော့ အအေးဘူးတွေနဲ့ သစ်သီးဝလံတွေ။ အထူးသဖြင့်တော့ စတော်ဘယ်ရီသီးခြင်းမှာ အများဆုံး နေရာယူထားသည်။

မီးဖိုချောင်ဘေးခန်းက လေကောင်းလေသန့်ဝင်သော ပြတင်းပေါက် တစ်ပေါက်ပါသည့် ထမင်းစားခန်း။ ကျွန်းသစ်နဲ့ လုပ်ထားတဲ့ ထမင်းစား စားပွဲခုံတစ်လုံးရယ်၊ ထိုင်ခုံငါးခုံရယ် ရှိသည်။ အပေါ်ထပ်တွင်တော့ လူအိပ်သည့် အခန်း နှစ်ခန်းသာရှိသည်။

"ဖေဖေ"

နောက်ဖေးကနေ ထွက်လာတဲ့ ကလေးသေးသေးလေး တစ်ယောက်။ အသည်းယားစရာ ကောင်းအောင် ပါးလေးက ဖောင်းနေသည်။ ဖြူဖြူလုံးလုံးကလေး။ ဖေဖေဟုခေါ်ကာ အိမ်ရှေ့အပေါက်ဝက လူတစ်ယောက်ဆီကို ပြေးလာနေသည်။

"သားလေး"

ကမ္ဘာပေါ်မှာ အရှားပါးဆုံး အပြုံးချိုချိုနှင့် ပြုံးပြကာ ကလေးကိုချီပြီး ပေါင်ပေါ်တင် ထားလိုက်သည်။ ဝိုးလ်ချဲပေါ်မှာ ထိုင်နေတဲ့ အဲဒီလူက ဒီ ကလေးလေးရဲ့အဖေ။

မျက်နှာက လေးထောင့်ဆန်ပြီး ရှေ့ဆံပင်ကမျက်ခုံးမွေးကို မသိမသာ လေး ဖုံးလွှမ်းနေသည်။ အညိုဘက်သန်းတဲ့ အသားရေနဲ့တောင်မှ ပြစ်ချက် မရှိလောက်အောင် လိုက်ဖက်တဲ့သူ။ မေးစေ့ကော၊ နှာခေါင်းကောက ချွန် ထွက်နေသည်။ အမြဲလိုလို ကြုတ်နေတတ်တဲ့ သူ့ရဲ့ မျက်ခုံးနှစ်ဖက်က သား လေးနဲ့ တွေ့ရင်တော့ ပုံမှန် ပြန်ဖြစ်သွားတတ်သည်။

"ဖေဖေဒီနေ့အချောကြီး ပြန်ယာတယ်နော်"

"ဒါပေါ့ ဖေ့သားလေးကိုလွမ်းလို့ အလုပ်ကနေ စောစောပြန်လာခဲ့တာ"

သားလေးကိုပွေ့ဖက်ပြီး အလွမ်းသယ်နေတဲ့ ဖအေရဲ့ဘေးမှာ မန်နေဂျာ ယောင်ယောင်၊ ဘာယောင်ယောင်နဲ့ ထွားထွားကျိုင်းကျိုင်း လူတစ် ယောက်။ အိတ်အမည်း တစ်အိတ်ကိုင်ကာ ကျောက်တိုင်တစ်ခုသဖွယ် တောင့်တောင့်ကြီးရပ်နေသည်။

ဘာပဲဖြစ်ဖြစ် သူကအရေးမကြီးပေ။ အဓိကက ဝိုးလ်ချဲပေါ်မှာ ထိုင်နေတဲ့ လူ။ သူ့နာမည်က ထူးခြားသည် ဂျွန်တဲ့။

သူ့ကို June လမှာ မွေးခဲ့တာကြောင့် သူ့အမေကဂျွန်လို့ နာမည်ပေးခဲ့ သည်။ အမှန်ဆိုရင် မြန်မာလိုဘာသာ ပြန်လိုက်တဲ့အခါ ဇွန်လို့အဓိပ္ပာယ်ရ ပေမဲ့ မိန်းမဆန်သလို ခံစားရတာကြောင့် ဂျွန်လို့ပဲမှည့်ပေးဖြစ်ခဲ့သည်။

ဒီဂျွန်ဆိုတဲ့ နာမည်တစ်လုံးက သူ့ဘဝအတွက်ကော၊ သူ့ရဲ့ လုပ်ငန်း အတွက်ကော အရေးပါတဲ့ အမည်နာမတစ်ခု။ သူဒီနာမည်ကို သဘော လည်းကျသလို၊ တန်ဖိုးလည်းထားသည်။

ဂျွန်က သူ့အမေကို အရမ်းချစ်သည်။ ဘဝမှာအချစ်ဆုံးနဲ့ တန်ဖိုးမဖြတ်နိုင်ဆုံး အရာက ဘာလဲလို့မေးရင် သားလေးနဲ့ သူ့အမေလို့ပဲ သူဖြေလိမ့်မည်။ ကျန်တာတော့ သူ့ခေါင်းထဲမှာမရှိ။ လုပ်ငန်းဆိုတဲ့အရာက သူ့အမေရဲ့နောက်ဆုံးဆန္ဒမို့ သူလုပ်နေရသည်။ သူ့သားလေး ရှေ့ရေးအတွက်လည်း ရှေ့ဆောင်လမ်းပြအနေနဲ့ ဖြစ်စေချင်တာလည်းပါသည်။

ဂျွန့်ရဲ့အလုပ်က စားသောက်ဆိုင်တွေ အားလုံးကို အုပ်ချုပ်ရသည်။ သူချက်စရာမလို စားဖိုမှူးတွေပဲ အကုန်လုပ်ရသည်။ သူကဗဟိုကုမ္ပဏီမှာထိုင်ပြီး ရှယ်ယာဝင်မဲ့ လူတွေနဲ့ ဆွေးနွေးသည်။ လုပ်ငန်းတိုးချဲ့သင့်ရင် တိုးချဲ့ဖို့ အဆောက်အအုံတွေ ဆောက်တဲ့အခါ တာဝန်ခံ လက်မှတ်ထိုးပေးရသည်။

ဆိုင်ပွဲပေါင်း လေးငါးဆယ်လောက်တော့ ရှိမည်။ ဒါတွေအားလုံးက သူပိုင်တဲ့ဟာတွေချည်းပဲ။ ငွေဆိုတာ သူ့လက်ထဲမှာ သုံးမကုန်အောင်ကိုရှိသည်။ ဝှီးလ်ချဲပေါ်မှာ ထိုင်နေရတယ်ဆိုပေမဲ့ သူအလုပ်တွေ ဆက်လုပ်သည်။

ခန့်ထားတဲ့ မန်နေဂျာ အကူအညီနဲ့ ရုံးသွားရုံးပြန် အဆင်ပြေတာကြောင့် နားနားနေနေမနေဘဲ ကုမ္ပဏီကိုလည်မြဲအတိုင်း လည်ပတ်နေစေခဲ့သည်။

သူဟာ ရေသေလိုပဲ လှုပ်ခတ်ခြင်းမရှိပေ။

ပျော်စရာတွေ ဆိုတာလည်း သူ့ဘဝမှာမရှိတော့တာ အတော်လေးကို ကြာခဲ့ပါပြီ မေမေဆုံးသွားကတည်းကပေ။

သူတွေးမိသည် သူ့ကိုမောင်နှမသားချင်း မရှိဘဲနဲ့ ဘာလို့ တစ်ယောက်တည်း မွေးခဲ့ရတာလဲဆိုပြီး သူအကြိမ်ကြိမ်တွေးမိသည်။

ဖေဖေတစ်ယောက်တော့ အသက်ရှင်ကျန် ရှိနေပါသေးသည်။ သို့သော် နွေးထွေးမှုမရှိ၊ ပွေလိမ်ရှုပ်ထွေတဲ့ လူတစ်ယောက်။

ငွေရေးကြေးရေး ပူပန်စရာ မလိုလောက်အောင် မျိုးနှင့်ရိုးနှင့် ကျိုကျိုတက် ချမ်းသာသော်လည်း ထိုပိုင်ဆိုင်မှုတွေက မေတ္တာတရားမှ မ ပေးနိုင်ခဲ့ဘဲ မက်မောဖို့ရန်လည်း မတွေးမိခဲ့ပါပေ။ အဖေတစ်ယောက် ရှိနေ ရက်နဲ့ တစ်အိမ်ထဲမှာ အတူမနေ၊ မိန်းမတကာနှင့် ဟိုတယ်အစုံမှာ လှည့် လည်အိပ်တာကို ဂျွန်လုံးဝသဘောမကျ။

မေမေဆုံးခဲ့တာကလည်း အဖေ့ပယောဂ မကင်းပေ။ ဂျွန်လူပျိုစဖြစ်ချိန် အသက် ၁၈ နှစ်လောက်မှာ မေမေဆုံးသွားခဲ့သည်။

ဖေဖေ့ကိုမုန်းလားလို့ သူ့ကိုယ်သူအကြိမ်ကြိမ် မေးကြည့်ခဲ့ဖူးသည်။ သူမ မုန်းပါ သို့သော် နာကြည်းချက်တော့ ရင်ထဲမှာရှိသည်။ မေမေဆုံးခဲ့ရတာ ဖေဖေ့ရဲ့ အရှုပ်ဇယားတွေကြောင့် ယောကျ်ားဖြစ်သူရဲ့ အကြင်နာတရားကို အပြည့်အဝ မခံစားရဘဲ ကောင်းကင်ဘုံသို့ ငယ်ငယ်ရွယ်ရွယ်နှင့် ကူးပြောင်းသွားခဲ့ရသည်။

တစ်ဖက်က ကြည့်ပြန်ရင်လည်း မေမေစိတ်ဆင်းရဲခြင်းဆိုတဲ့ ဝဋ်ကနေ ကျွတ်သွားခဲ့ရသည်ပေ။ ဒါပေမဲ့ သားလေးသူ့ဘဝထဲကို ရောက်လာခဲ့တဲ့ အချိန်ကစပြီး ဂျွန်အင်အားရှိလာခဲ့သည်။

"သား မုန့်စားပြီးပြီလား ဘာစားချင်သေးလဲ ဖေဖေဘာဝယ်ကျွေးရမလဲ ငါ့သားဆံပင်တွေလည်း ရှည်နေပြီ ညှပ်ပေးရဦးမယ်"

"ချားချင်တာရှိဘူး တီတီတို့ ပူတင်း လုပ်ကျွေးထားတယ် ဂူဂူချိုင်မှာ ဂျပင် ညှပ်ချင်ဝူးနော် ညှပ်နဲ့နော် ဖေဖေ"

ဂျွန် ကလေးရဲ့ ထိုးထောင်နေတဲ့ဆံပင်ကို ကိုင်ပြီးပြောတော့ ကလေးက ခေါင်းယမ်းကာ အတင်းငြင်းသည်။

ငြင်းတာလည်း အကြောင်းရှိသည်။ အရင်တစ်ခါဆိုင်မှာ သွားညှပ်တုန်း

က ဆိုင်ရှင်ကသူ့ကို ဆံပင်ကုပ်နားလေးမှာ မြီးရှည်လေး ထားပေးလိုက်သည်။ ဆိုင်မှာတုန်းက သူမဟုတ်တဲ့အတိုင်း ငြိမ်နေပြီးတော့ အိမ်လည်း ရောက်ရော ငိုတော့တာပဲ သူ့ပုံကကြွက်နဲ့ တူနေလို့ဆိုပြီး။

ရှည်နေတဲ့ ဆံပင်အောက်နားက ကြွက်မြီးလို ဖြစ်နေတော့ သူ့ကိုယ်သူ ကြွက်လို့ ထင်သွားတာ ဖြစ်လောက်မည်။ အဲဒီနေ့ကဆို ဘာမှလည်းမစားဘဲ ငိုပဲငိုနေတာ မနည်းချော့လိုက်ရသည်။ နောက်နေ့မှ အိမ်မှာ အိမ်တော်ထိန်းအနေနဲ့ အလုပ်လုပ်နေတဲ့ အန်တီခင် အဲဒီအမွေးကို ညှပ်ပေးလိုက်မှ သူကျေနပ်သွားသည်။

အကောင်ကသာ သေးသေးလေးပေမဲ့ ဖအေအတိုင်းပဲ စိတ်ကြီးသည်။ ကြိုက်တဲ့အရာတွေ့ရင်လည်း လုံးဝလက်မလွှတ်တတ်သလို၊ မကြိုက်ဘူးဆိုရင်လည်း အသံတောင် မကြားချင်တဲ့လူမျိုး။

ဒီအိမ်ကြီးမှာ ဂျွန်တို့သားအဖနဲ့အတူ အိမ်တော်ထိန်း အန်တီခင်ရဲ့တူမဖြစ်သူ ၁၆ နှစ်အရွယ်ဖြူသွယ်ဆိုတဲ့ ကောင်မလေးတစ်ယောက် အားလုံးပေါင်း လေးယောက် ဒီအိမ်အကျယ်ကြီးထဲမှာ နေကြသည်။

အောက်ထပ်က အခန်းမှာ အန်တီခင်နဲ့ ဖြူသွယ်နေပြီး အပေါ်ထပ်မှာဂူဂူနဲ့ ဂျွန်က တစ်ခန်းနေကြသည်။ ကျန်တဲ့အခန်းကိုတော့ အလွတ်ထား ထားသည်။

ကလေးကို ဂျွန်လုံးဝခွဲမသိပ်ပေ။ သူ့အနားမှာပဲ အမြဲထားသည်။ ကလေးကို ပြုစုပေးတာတော့ အန်တီခင်တို့ပေ။ ဘာလို့ဆို ဂျွန်ကဗိုးလ်ချဲနဲ့ဆိုတော့ သူဘာမှမလုပ်ပေးနိုင်။ ဒါကြောင့် အန်တီခင်တို့ကိုပဲ သူအားကိုးနေရသည်။

"ဒါဆို ဖေ့သားလေး အိမ်မှာပဲ တီတီခင်တို့နဲ့ ညှပ်မလား"

"အင်း ဟိုချိုင်မတွားရရင် ပြီးရော"

ဝူဝူလေးက ဂျွန်နဲ့ဇီဇဝါရဲ့ တစ်ဦးတည်းသောသားလေး။ အသက်ကတော့ ခုမှ နှစ်နှစ်ခွဲ။ မပီကလာပီကလာနဲ့ စကားပြောတတ်နေပြီ။

ဝူဝူအသက်တစ်နှစ်ခွဲမှာ ဇီဇဝါနဲ့ဂျွန်ခရီးတစ်ခု သွားခဲ့သည်။ ကံမကောင်းချင်တော့ ကားမတော်တဆမှု ဖြစ်ပွားခဲ့ပြီး ဇီဇဝါ ထိုနေရာမှာတင်ပဲ ဆုံးသွားခဲ့သည်။ ဒီမတော်တဆမှုကြောင့် ဂျွန်ရဲ့ခြေထောက် ပြင်းပြင်းထန်ထန် ထိသွားခဲ့ပြီး ခုလိုဝှီးလ်ချဲနဲ့ နေနေရခြင်းဖြစ်သည်။ ကလေးကတော့ အန်တီခင်တို့နဲ့ အိမ်မှာကျန်ခဲ့တာမို့ အန္တရာယ်ကင်းကင်း ရှိနေခဲ့သည်။

***

အပိုင်း(၂)

အန်တီခင်က အသက်အရွယ်ရနေပြီဆိုတော့ ကလေးနောက်ကို တကောက်ကောက်လိုက်ပြီး မထိန်းနိုင်တော့ပေ။ ဖြူသွယ်လေးကလည်း ဆယ်တန်းဆိုတော့ သူ့မှာ အိမ်အလုပ်လုပ်ရတာနဲ့ စာကျက်ရတာနဲ့ ကလေးကို မနိုင်မနင်း ထိန်းနေရသည်။ ဖြူသွယ်က ဝူဝူနဲ့တော့တည့်သည်။

"အန်တီခင်၊ ဖြူသွယ် ဒီကို ခဏလာပါဦး"

ဂျွန်အော်ခေါ်တော့ နောက်ဖေးကနေ ဖြူသွယ်တို့နှစ်ယောက် ကမန်းကတန်းနှင့် ပြေးထွက်လာကြသည်။

"ဂျွန်ပြန်တောင် ရောက်ပြီလား တီခင်တို့ကို ဘာခိုင်းစရာရှိလို့လဲ"

"ကိုကြီးဂျွန် သမီးကိုရော ဘာခိုင်းစရာရှိလို့လဲ"

အသက် ငါးဆယ်အရွယ်လောက်ရှိသော အမျိုးသမီးတစ်ဦးနှင့် ဖြူသွယ် ဂျွန့်ရှေ့မှာ မတ်တတ်လာရပ်သည်။

တစ်နေကုန် နောက်ဖေးမှာ ဟင်းချက်ရင်း ဝူဝူ့ကို ထိန်းနေကြသည်။ မီးဖိုချောင်မှာ အလုပ်ရှုပ်နေကြတော့ ကလေးအိမ်ရှေ့ဘက် ထွက်လာသည်ကို မရိပ်မိခဲ့ကြဘူးထင်ပါရဲ့။ ဂျွန့်ကားသံကို မကြားမိကြတော့ ရောက်နေမှန်းတောင်မသိ ဂျွန်ခေါ်မှ ကလေးကို သတိရပြီး အလန့်တကြားနဲ့ ထွက်လာကြသည်။

"အထွေအထူးတော့ မဟုတ်ပါဘူး ကျွန်တော့်သားလေးကို ဆံပင်ညှပ်ခိုင်းမလို့ အရင်တစ်ခါလည်း အန်တီခင်တို့ပဲ ညှပ်ပေးကြတာလေ ကျွန်တော်

လည်း မညှပ်တတ်တော့"

ဂျွန်ပြုံးပြုံးပြီး ပြောနေတာကြောင့် အန်တီခင်နဲ့ ဖြူသွယ်တို့ မငြင်းရဲကြပေ။ အဲဒါမှ ဒုက္ခလှလှကိုတွေ့တာ။ အရင်တစ်ခေါက်ညှပ်တာက ရှည်ထွက်နေတဲ့ နောက်ဆံပင် တစ်လက်မလောက်လေးကို ဖြစ်သည်။ ခုကျတော့ တစ်ခေါင်းလုံးကို ညှပ်ပေးရမည်။ ဆံပင်ညှပ်တဲ့သူမှ မဟုတ်တာ ဘယ်လိုလုပ် ညှပ်တတ်ကြမည်နည်း။

ဂျွန်ကတော့ စိတ်ချနေတဲ့ရုပ်နဲ့ ဖြူသွယ်တို့ကို ဂူဂူ့ခေါင်းတစ်ခေါင်းလုံး ပုံအပ်လိုက်သည်။ အန်တီခင်နဲ့ ဖြူသွယ်ကတော့ နွေလယ်ခေါင်မှာ မိုးကြိုးပစ်ခံလိုက်ရသလို မျက်နှာတွေမှုန်ကုပ်ပြီး ကြံရာမရဖြစ်ကာ တံတွေးတွေသာ မျိုချနေကြသည်။

"ညှပ်ပေးဆိုတော့လည်း ညှပ်ပေးရမှာပေ့ါ"

အန်တီခင်ရဲ့အသံက ဖျော့တော့ပြီး မျက်နှာကလည်း မအီမသာ။ ဂျွန်တို့သားအဖကတော့ သူတို့ဖြစ်ချင်တာကိုပြောပြီး အုန်းသီးရသွားတဲ့ မျောက်မျက်နှာနဲ့။

"ဂူဂူ လာမမဆီကို အခန်းထဲမှာ ဆံပင်သွားညှပ်ကြမယ်"

ဖြူသွယ်ချီဖို့ လက်ကမ်းတော့ ဂူဂူသူ့အဖေပေါင်ပေါ်ကနေ ဆင်းပြီး ဖြူသွယ်ချီတဲ့ နောက်ကိုပါသွားသည်။

ဂူဂူနဲ့ ဖြူသွယ်ဝင်သွားတဲ့ အခန်းထဲကို အန်တီခင် နောက်ကနေ လိုက်ဝင်သွားသည်။

ဂျွန်ကတော့ လိုက်မဝင်သွားတော့ဘဲ အပြင်တွင်သာ မန်နေဂျာနှင့်အတူ နေရစ်ခဲ့သည်။

"ကိုမင်းအိုင်"

ဂျွန် ဘေးမှာထီးထီးကြီး ရပ်နေသော မန်နေဂျာဖြစ်သူ မင်းအိုင်ထွန်းကို လှမ်းခေါ်လိုက်တော့ ဂျွန်ရဲ့အနားကိုကပ်လာပြီး ခါးကုန်းကာပြန် ပြောသည်။

"ဟုတ်ကဲ့ ဆရာဘာခိုင်းစရာရှိလို့လဲ"

"သားလေးကိုထိန်းဖို့ ကလေးထိန်းတစ်ယောက် ရှာချင်တယ် သားလေး မှာ ဆော့ပေးမဲ့ အဖော်မရှိဘူး ကျွန်တော်အလုပ်သွားရင် သားလေးက တစ်ယောက်တည်း ဆော့နေရတာ ကျွန်တော်မကြည့်ရက်ဘူး"

ဂျွန်တွေးတာလည်း ဟုတ်ပါသည်။ ကလေးကတစ်ယောက်တည်း အဖော်မဲ့နေတော့ သူလည်း ဘယ်နေနိုင်မလဲလေ။ သူဌေးဖြစ်သူဂျွန် အကူအညီတောင်းသည့် လေသံဖြင့် ပြောသည်မို့ မင်းအိုင် တတ်နိုင် သလောက် အမြန်ရှာပေးမည်ဟု ပြန်ဖြေလိုက်သည်။

နောက်တော့ ညှော်ခန်းထဲမှာ စားသောက်ဆိုင်အသစ် တိုးချဲ့ဖွင့်လှစ်ဖို့ ကိစ္စ ပြောနေရင်း။

"ဗြဲ ... ဖေဖေ ..."

အခန်းထဲကနေ ဝူဝူအာခေါင်ခြစ်ကာ အော်ငိုသံကြီး ပေါ်ထွက်လာခဲ့ သည်။

"သားလေး ဘာဖြစ်လို့လဲ ဖေဖေလာပြီသား"

ကလေးကို စိတ်ပူပူနှင့် ဗီးလ်ချဲဘီးကို လက်ဖြင့် အားကုန်သုံးကာ လှည့် ပြီး ဝူဝူရှိတဲ့ အခန်းထဲကိုဝင်သွားသည်။

အခန်းထဲမှ ငိုသံမပေါ်ထွက်ခင် လွန်ခဲ့သောဆယ့်ငါးမိနစ်ခန့် ...

အန်တီခင်တို့ အခန်းထဲလည်း ရောက်ရော ဖြူသွယ်က ဝူဝူ့ကိုမှန်ရှေ့က ခုံ အမြင့်ပေါ်မှာချပေးပြီး ဆံပင်ညှပ်ဆိုင်က လုပ်သလို ကိုယ်သုတ်ပဝါတစ်

ထည် ဆွဲယူကာ လည်ပင်းမှာ ပတ်ပေးထားလိုက်သည်။ ဝူဝူကတော့ မှန်ရှေ့မှာ ငြိမ့်ငြိမ့်ကြီး ထိုင်နေသည်။ ဆံပင်ညှပ်လို့ပြီးသွားရင် သူလှသွားတော့မည် အထင်နဲ့။

ခုထိတော့ ဝူဝူ ဘာမှကွန်ပလိန်း မတက်သေးပေ။ ညှပ်ပြီးသွားရင် ဘာအသံထွက်လာမလဲ ဆိုတာကို အန်တီခင်ကော၊ ဖြူသွယ်ကော ရင်တဒိတ်ဒိတ်နှင့် ဖြစ်နေသည်။

ကတ်ကြေးကိုတော့ နောက်ဖေးက ပဲပြားညှပ်တဲ့ ကတ်ကြေး သွားဆွဲယူလာသည်။ ဒါပဲရှိတာကိုး ဘယ်တတ်နိုင်ပါ့မလဲလေ။

"အန်တီခင် လုပ်မှာလား သမီးလုပ်ရမှာလား"

"သမီးပဲလုပ်လိုက်တော့ တီခင်မလုပ်ရဲဘူး"

ဖြူသွယ်ကတ်ကြေးကို ကိုင်ကာ အသက်ဝဝရှူ လိုက်သည်။

"ဒါဆိုရင် သမီးမြင်ဖူးတဲ့ နည်းလမ်းတစ်ခုရှိတယ် အဆင်တော့ ပြေလောက်မှာပါ အဲဒီအတိုင်းပဲ လုပ်လိုက်တော့မယ်"

"အဆင်ပြေမဲ့နည်းကိုသာ ရွေးပြီးလုပ်"

အန်တီခင်ကလည်း အသက်ကြီးပြီလေ ခေါင်းကျိန်းမခံနိုင်တော့ပေ။ အဲဒီတော့ သူ့လက်ကလွတ် ပြွတ်။

ဖြူသွယ် ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ ဝူဝူရဲ့ ဆံပင်တွေကို ဘီးနဲ့ သပ်ချလိုက်သည်။ ဆံပင်တွေကရှည်လွန်းလို့ မျက်လုံးတောင်မှဖုံးနေပြီ။

ဖြူသွယ်နောက်ဖေးက စတီးဇလုံကို ဝူဝူ့ခေါင်းပေါ်စွပ်ချပြီး အဲဒီဇလုံအရာအတိုင်း ကတ်ကြေးနဲ့ ညှပ်ချပလိုက်သည်။ အဲဒီလိုနဲ့ ညှပ်ရင်းညှပ်ရင်းကနေ အုန်းမှုတ်ခွက်ကေ ဖြစ်သွားပါလေရော။

ကတ်ကြေးကတုံးနေတော့ ကလေးရဲ့ရှေ့ဆံပင်တွေက လှေကားထစ်လိုပဲ

တစ်မွေးကတိုလိုက်၊ နောက်တစ်မွေးက ရှည်လိုက်နဲ့။ ဘေးကကြည့်နေတဲ့ အန်တီခင် မျက်လုံးကို လက်နဲ့အုပ်လိုက်ပြီး ဘုရားစာတွေသာ ရွတ်နေသည်။

ဖြူသွယ်လည်း ဖြစ်ချင်ရာဖြစ် ကိုဘချစ် ဆိုပြီး မျက်စိစုံမှိတ် လုပ်လိုက်တော့ မရှုမလှတွေ ဖြစ်ကုန်သည်။ ဝူဝူကသူ့မျက်လုံးထဲ ဆံပင်ဝင်မှာစိုးလို့ မျက်လုံးအတင်းမှိတ်ထားတော့ ဘာမှမသိသေးပေ။ ဇလုံကိုချွတ်ပြီး လည်ပင်းက တဘက်ကိုလည်း ဖြေချလိုက်ရော ဝူဝူမျက်လုံး တဖြည်းဖြည်း ဖွင့်ကာ။

"ဗြဲ ... ... ..."

မှန်ထဲက သူ့ရုပ်ကိုလည်းမြင်ရော စူးစူးဝါးဝါး ငိုသံကြီး ထွက်လာတော့သည်။ သူ့ခများ ကြွက်မြီးကေတုန်းကလည်း ငိုရသည်။ ခုလည်း ကြွက်ကိုက်ကေ ဆိုတော့ ငိုလိုက်တာဆိုတာ ဖြူသွယ်တို့နားပါ ပိတ်ထားရသည်။

"သား သားလေး ဘာဖြစ်လို့လဲ"

ဝူဝူက သူ့အဖေကိုတွေ့တာနဲ့ ခုံပေါ်ကနေ ခုန်ဆင်းပြီး သူ့အဖေဆီ ပြေးလာသည်။ လပြည့်ဝန်းလိုဝိုင်းစက်နေတဲ့မျက်လုံးလေးတွေနဲ့ ငိုနေတဲ့ ကလေးကို ချီလိုက်ပြီး ဂျွန်ပေါင်ပေါ်တင်ကာ ဖက်ထားလိုက်သည်။

ဂျွန်လည်း ကလေးဆံပင်ကိုမြင်တော့ ငိုရအခက်၊ ရယ်ရအခက်။ အနောက်မှာရပ်နေတဲ့ ကိုမင်းအိုင်ကတော့ ဟန်ဆောင်ပန်ဆောင်နဲ့တောင် မနေပေးဘူး ဝူဝူ့ရုပ်ကိုမြင်တာနဲ့ ရယ်နေတော့သည်။ ဂျွန်လှည့်ကြည့်ပြီး မျက်စောင်းတစ်ချက်ထိုးလိုက်မှ ငြိမ်ကျသွားသည်။

ဝူဝူငိုလွန်းလို့ မျက်နှာဆိုတာ နီရဲတွတ်နေသည်။ သူ့ဒေါသတွေလည်း

ထွက်နေသည်။ သူထင်ထားတဲ့ ဆံပင်ကေကေ ဂူဂျွန်ဖြိုးတို့လို သေသေသပ်သပ်ကေ ခုထွက်လာတာက ရုပ်ဆိုးပန်းဆိုး ဖြစ်နေတော့ ငို တာရပ်ကို မရပ်တော့ပေ။

"မငိုပါနဲ့သားရယ် သားလေးက ဒီဆံပင်နဲ့လည်း လိုက်ပါတယ် ဖေ့သား လေးက ချောပြီးသား ... နော်သား ... မငိုနဲ့တော့နော်"

ဝူဝူ့ကျောကုန်းကို လက်နဲ့ ဖြည်းဖြည်းချင်းပုတ်ပြီး ချော့ပေးတော့မှ သူ့အဖေပြောတဲ့စကားကို လက်ခံကာ အငိုရပ်သွားသည်။

ဂျွန်လည်း အဲဒီစကားကလွဲပြီး ဘာမှမပြောနိုင်ရှာပေ။ ဘာလို့လဲဆိုတော့ ကလေးက ဆံပင်ညှပ်ဆိုင်ကျတော့လည်း ငြင်းသည်။ ဂျွန်ကိုယ်တိုင်သာ ညှပ်ပေးရင် ခုကေထက်ပိုဆိုးပြီး ခေါင်းတုံးတုံးရတဲ့ အဆင့်ရောက်မှာစိုးလို့ တိတ်တိတ်ကလေးသာ နေနေရသည်။

"ဒါချို့ ဒီတိုင်းပဲနေမယ် နောက်ချို့ တီတီတို့ကိုညှပ်ခိုင်းနဲ့ ချိတ်ချိုးတယ် ဟင့်"

ဖြူသွယ်တို့ကို လှည့်မကြည့်ဘဲ သူ့အဖေရဲ့ ရင်ခွင်ထဲမှာဝင်ပြီး ကျောခိုင်း ထားကာ ရှိုက်သံနှင့်အတူ နောက်တစ်ခါ မညှပ်ခိုင်းရန် ပြောလိုက်သည်။ ဖြူသွယ်လည်း ထပ်ညှပ်ရဲမှာ မဟုတ်လောက်တော့ပေ။

***

"အလုပ်သွားတော့မလို့လား"

တိမ်စိုင်အိမ်ထဲက ထွက်တုန်းရှိသေး ဘေးအိမ်က အမေ့သူငယ်ချင်း ခြံထဲ ကနေ လှမ်းအော်သည်။

"ဟုတ်တယ်အဒေါ်ရေ သွားလိုက်ပါဦးမယ်ဗျ ကျွန်တော်အလုပ်သွားတုန်း အမေ့ကို ဂရုစိုက်ပေးထားပါနော်"

မီးခိုးရောင်ပုဆိုးနှင့် တီရှပ်အဖြူတစ်ထည်ဝတ်ကာ ထိုအဒေါ်ကို နှုတ်ဆက်ရင်း တစ်ယောက်တည်းကျန်ခဲ့သော အမေ့ကို ဂရုစိုက်ပေးရန် မှာထားခဲ့သည်။

တိမ်စိုင်မှာ ရည်ရည်မွန်မွန်ရှိတာကြောင့် ပတ်ဝန်းကျင်က လူတော်တော်များများက သူ့ကိုချစ်ခင်ကြသည်။ လိုအပ်တာရှိရင်လည်း ချက်ချင်း ကူညီပေးတတ်တဲ့လူဆိုတော့ ရပ်ကွက်ကလူတွေရဲ့ ပါးစပ်ဖျားမှာ တိမ်စိုင့်နာမည်သာ စွဲနေကြသည်။

တိမ်စိုင်တို့အိမ်မှာ ဈေးနှင့်ကော၊ ကတ္တရာလမ်းမကြီးနှင့်ကော နီးသဖြင့် လူသူမပြတ်ဘဲ စည်ကားသည်။

မနက်ပိုင်းဆို ကျောင်းကားမောင်းပေးရတာ ဖြစ်တဲ့အတွက် တစ်ဖက်ရပ်ကွက်က ကျောင်းကားကန်ထရိုက်ဆွဲသော ကိုတင်ကြီးတို့အိမ်သို့ ဈေးလမ်းကိုဖြတ်ကာ လျှောက်လာခဲ့သည်။

"တိမ်စိုင်ရေ ဒီနေ့ကန်စွန်းရွက်တွေ ကောင်းတယ် အားပေးပါဦး"

ဈေးတန်းထဲရှိ ဝယ်နေကြဖြစ်သော နေရာကို ကျော်သွားတော့ ခင်ကြည်လှမ်းခေါ်သည်။ တိမ်စိုင်ရှေ့ဆက်မသွားဘဲ နောက်ပြန်ဆုတ်ကာ ကန်စွန်းရွက်ပုံရှေ့တွင် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

"ဟုတ်ပါရဲ့ ဒီနေ့ ကန်စွန်းရွက်လေးတွေ လတ်ဆတ်လိုက်တာဗျာ အတော်ပဲ ကျွန်တော် ဒီညကန်စွန်းရွက်ပဲ ကြော်စားလိုက်တော့မယ် ထုံးစံအတိုင်း တစ်စီးသုံးရာပဲမလား မခင်ကြည်"

ကန်စွန်းရွက်ကို ဟိုတို့ဒီတို့နဲ့ စမ်းကြည့်တော့ အရိုးတွေလည်း ကြွပ်ဆတ်နေတာကြောင့် ကောင်းပုံရသည်။ စိမ်းစိမ်းလန်းလန်း ဖြစ်နေသော တစ်စီးကို ရွေးကာကိုင်ပြီး ခင်ကြည့်ကို မေးလိုက်သည်။

"ဒါပေါ့ ဒါပေါ့ ငါ့မောင်ကို အဲဒီဈေးနဲ့ပဲရောင်းမှာ အစ်မပြီးရင် အိမ်ကို သွားပို့ပေးထားရမလား"

"ပို့ပေးရင်တော့ ကောင်းတာပေါ့ဗျာ ဒါဆိုကျွန်တော် ပိုက်ဆံပေးခဲ့လိုက်မယ်"

လွယ်ထားသောအိတ်ထဲမှ နှစ်ရာတန်တစ်ရွက်နှင့် တစ်ရာတန်တစ်ရွက် ထုတ်ကာ ခင်ကြည့်ကို ပေးလိုက်သည်။ ခင်ကြည်လည်း စိတ်ချပို့ပေးထားမယ်ဆိုတဲ့ စကားကို ပြန်ပြောလိုက်သည်။

ဒီနေရာမှာကနေတာ ကြာနေပြီဆိုတော့ မသိတဲ့လူဆိုတာ ခပ်ရှားရှား။ ကလေးအစ ခွေးအဆုံး တိမ်စိုင့်ကိုသိကြသည်။

မိန်းမငယ်လေးများ ကြားထဲတွင်လည်း ကိုကြီးတိမ်စိုင် ... ကိုကြီးတိမ်စိုင် ဆိုပြီး တစာစာနှင့်ခေါ်သံကိုလည်း နားနှင့်မဆံ့အောင် ကြားရသည်။

တိမ်စိုင်ကတော့ ဘယ်သူ့ကိုမှစိတ်မဝင်စားပေ။ စိတ်ဝင်စားနေဖို့ အချိန်ကလည်း သူ့မှာမရှိခဲ့တာဘဲ။ မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံး ပွင့်တာနဲ့ ဘယ်နေရာကိုသွားပြီး ပိုက်ဆံဘယ်လိုရှာရမလဲ ဆိုတာကိုပဲ ခေါင်းထဲ အပြည့် ရိုက်ထည့်ထားသည်။

တိမ်စိုင်လွယ်အိတ်ကြိုးကို ကိုင်ကာ လျှောက်လာရင်း ကိုတင်ကြီး အိမ်ရှေ့မှာ ရပ်ထားတဲ့ကားတစ်စီးနားမှာ မတ်တတ်ရပ်လိုက်သည်။

"ကိုတင်ကြီးရေ ကျွန်တော်ရောက်ပြီဗျ"

တိမ်စိုင်အော်ခေါ်လိုက်တော့ ကိုတင်ကြီး အိမ်ချင်မူးတူးနှင့် အိမ်ပေါက်ဝသို့ ပြေးထွက်လာသည်။

"ညီလေးရေ မနေ့က အော်ဒါကြောင့် ပဲခူးဘက်ကိုပါသွားတာ ကားကညစ်ပတ်နေတယ်"

ကိုတင်ကြီး အဲဒီလိုပြောတော့ တိမ်စိုင်လက်မှာ ပတ်ထားတဲ့နာရီကို ကြည့်လိုက်ရာ ရှစ်နာရီထိုးခါနီးပဲ ရှိသေးသဖြင့် ဆေးကြောချိန် ရသေးသောကြောင့်။

"ကလေးတွေကျောင်းတက်ဖို့ လိုသေးတယ် ကျွန်တော်ပဲ ကားဆေးလိုက်မယ်လေ ကိုတင်ကြီးအိပ်ချင်ရင် သွားအိပ်လို့ ရပါတယ်ဗျာ"

"ကျေးဇူးပဲညီလေးရေ အစ်ကိုလည်း အိပ်ရေး ပျက်နေတာကြာပြီ ငါ့ညီကျောင်းပို့ပြီးပြန်လာမှ အစ်ကိုမုန့်ဖိုး ပေးဦးမယ် ခုတော့သွားအိပ်ပြီ"

စေတနာကောင်းရင် ကံကောင်းသည်လေ။ ခုပဲကြည့် ကိုယ်ကသူများအပေါ် စေတနာထားတော့ သူများက ကိုယ့်ကိုယ်ပြန်ပြီး ကျေးဇူးဆပ်ပေသည်။

တိမ်စိုင်ပုဆိုးကို ရင်ခေါင်းနားထိ တိုးကာဝတ်လိုက်သည်။ မဝတ်လို့လည်းမရ အလုပ်က ဒီတစ်ခုတည်းမှ မဟုတ်တာပဲလေ။

ကျောင်းကားဆွဲပြီးရင် ရုံးတစ်ခုမှာ သန့်ရှင်းရေးအနေနှင့် ဝင်လုပ်ရသေးသည်။ နေ့လယ်ပိုင်းတစ်ဖြတ်နား ထမင်းစားပြီးပြီဆိုရင် ဆိုက်ထဲကို ပြေးရသေးသည်။

အဝတ်တွေရေစိုကုန်လို့ အပူရှပ်ရင်ဆေးဖိုးက ကုန်ဦးမည်။ ဒါကြောင့် ပုဆိုးကို သေချာပြင်ဝတ်ပြီးမှ ရွှံ့ပေနေတဲ့ကားကို ကိုတင်ကြီးခြံထဲက ပိုက်တစ်ချောင်းဆွဲပြီး ကားတစ်စီးလုံးကို ရေဖြန်းကာ အဝတ်စုတ်နှင့် သုတ်နေသည်။

ကားကအဖြူရောင်ဆိုတော့ သန့်ရှင်းသွားတာနဲ့ ရုပ်လုံးလေး လှသွားသည်။ တိမ်စိုင် ကိုင်ထားတဲ့ရေပိုက်ကို ခြံထဲပြန်ထည့်ပြီး ရေဘားပိတ်ကာ နေရာတကျထားလိုက်ပြီးမှ ပုဆိုးကိုနဂိုအတိုင်း ပြင်ဝတ်လိုက်သည်။

နောက်တော့ ကားမောင်းပြီး ရပ်ကွက်က ကလေးတွေကို ပတ်ခေါ်ကာ ကျောင်းရှေ့တွင်ချထားပေးခဲ့သည်။

တိမ်စိုင့်ရဲ့တစ်နေ့တာက ထောင့်ကွေးမရှိတဲ့ စက်ဝိုင်းလိုပဲ တစ်နေ့တစ်နေ့ ဒီအလုပ်တွေနဲ့ပဲ အချိန်ကုန်လိုက်၊ အိမ်ပြန်ရောက်ရင် အမေ့ကိုပြုစုလိုက်နဲ့ သူ့မှာပျော်ရတယ်လို့ကိုမရှိ။

သူငယ်ချင်းတွေနဲ့ ဟိုဟိုဒီဒီလျှောက်သွား လျှောက်စားပြီး နေဖို့အချိန်က လည်း မရခဲ့တော့ အပေါင်းအသင်း မရှိခဲ့ပေ။ ကျောင်းတက်တုန်းကလည်း တစ်ယောက်တည်း စာကိုကြိုးစားသင်ခဲ့ရသည်။ ခုကျောင်းပြီးလို့ အလုပ် လုပ်နေရတော့လည်း တစ်ယောက်တည်း ဖြစ်နေခဲ့သည်။

အမေ့ကိုဘေးပတ်ဝန်းကျင်က ဂရုတစိုက် စောင့်ကြည့်ပေးကြလို့ သူ အလုပ်ကို စိတ်ဖြောင့်ဖြောင့်နဲ့ လုပ်နေနိုင်သည်။ မဟုတ်ရင် အိမ်ကအမေ ကိုပူရ၊ အကြွေးမပေးနိုင်မှာကိုပူရနဲ့ သူ့ခမျာလည်း ပင်ပန်းလှသည်။

ကလေးတွေကို ကျောင်းပို့ပြီးတော့ ကိုတင်ကြီးအိမ်မှာ ကားလာပြန် ထားသည်။ ကိုတင်ကြီးလည်း ပြောထားသည့်အတိုင်း နဂိုပေးသည့် လုပ်အားခထက် ငါးထောင်ပိုပေးခဲ့သည်။

ပိုက်ဆံကို သေသေချာချာ အိတ်ထဲထည့်ပြီး ဘိလပ်မြေသယ်ရန် ဆိုက်ထဲ သို့ အလျင်အမြန် သွားတော့သည်။ ဤသည်မှာ တိမ်စိုင်၏တစ်နေ့တာ စက်ဝိုင်းပင်ဖြစ်သည်။

***

## အပိုင်း(၃)

ယနေ့မှာ စနေနေ့ဖြစ်သည့်အတွက် ဆိုက်ထဲက အလုပ်နားရက်ဖြစ်သည်။ တိမ်စိုင်လည်း တစ်နေ့တစ်နေ့ငွေပဲ အပတ်တကုတ်နဲ့ ရှာနေရတာမို့ ဒီနေ့ တစ်ရက်တော့ သူနားဖို့လိုအပ်တဲ့အတွက် အိမ်မှာပဲ အနားယူလိုက်သည်။

အနားယူတယ်သာ ပြောရတာ အိမ်အလုပ်ကတော့ လုပ်ရသေးသည်။ မနက်နိုးလာလာချင်း တစ်ပတ်တာလုံး ဝတ်ထားတဲ့အဝတ်တွေ၊ အမေဝတ်ထားတဲ့ ထဘီတွေကို ပုံးတစ်ခုစီ သက်သက်ခွဲကာ ရေစိမ်ထားရသည်။ လျှော်ဖွတ်၊ တိုက်ချွတ် လုပ်ရပေဦးမည်။

"အမေ ဒီနေ့ဆေးရုံသွားပြီး ဆေးသွင်းရမှာဆိုတော့ သားပြုတ်ထားတဲ့ ကြက်ဥလေးစားလိုက်ပါလား"

"အင်း စားမယ်သား"

တိမ်စိုင်နောက်ဖေးကနေ အိုးထဲမှာပြုတ်ထားတဲ့ ကြက်ဥနှစ်လုံးကိုယူကာ အခွံသေချာခွာ၍ ဓားနှင့် လေးစိတ် စိတ်လိုက်သည်။ အလုံးလိုက်ကျွေးလျှင် အမေ မစားနိုင်မည်ကို စိုးရိမ်တာကြောင့် သေချာလှီးပြီး ပန်းကန်လုံးတစ်ခုထဲ ထည့်ကာ အိမ်ရှေ့သို့ယူလာခဲ့သည်။

အမေကတော့ အရင်နေ့တွေလိုပဲ ဘုရားစင်နားမှာ ချိတ်ထားတဲ့ အဖေ့ရဲ့ပုံလေးကိုသာ ငေးငိုင်ကြည့်နေသည်။ အမေပြောဖူးတယ် အဖေ့ကို အသက်ထက်ဆုံး ချစ်ခဲ့သည်တဲ့လေ။ ကျွန်တော်ကအဖေနဲ့တူပြီး ရိုးရိုးသားသားနဲ့ စိတ်ထားကောင်းကြောင်း အမြဲအမွှမ်းတင်လေ့ရှိသည်။

ကြက်ဥထည့်ထားသည့် ပန်းကန်လုံးကို ခုံပေါ်တွင်ထိုင်နေသည့် အမေ့လက်ထဲ ထည့်ပေးလိုက်သည်။ အမေကအရင်တုန်းက အငန်တွေ အရမ်းစားသည်။ ထို့ကြောင့် အစာအိမ်ကင်ဆာ ဖြစ်သွားရသည်ဟု ဆရာဝန်ပြောပြသည်။

အစတုန်းက အစာစားပြီးတိုင်း လည်ပင်းမှာ ဆို့နေသလိုဖြစ်ပြီး ရင်ခေါင်းတောင့်ကြောင်း ပြောဖူးသော်လည်း အစာမကြေဖြစ်နေသည်ဟုသာ ထင်ခဲ့သည်။

နောက်ပိုင်းကျတော့ အစာစားပြီးတိုင်းအန်၊ ကိုယ်အလေးချိန်တွေလည်း သိသိသာသာကျလာတာကို တွေ့ရသည်။ ဝမ်းသွားလျှင်သွေးပါပြီး အစာအိမ်နာလာသဖြင့် ဆေးရုံသွားကာ ပြကြည့်တော့မှ အခြေအနေတွေက ဆိုးနေပြီဖြစ်သည်။

အစာအိမ်ကင်ဆာမှာ အဆင့်ငါးဆင့်ရှိသည်။ သုညကနေ လေးအထိ။ အမေကတော့ နောက်ဆုံးအဆင့်။ အချိန်နှောင်းမှ သိရတာဖြစ်တဲ့အတွက် ဘာမှမတတ်နိုင်ပေ။

"ရပြီသား သားလည်း မနက်စာစားဦးလေ မစားရင်ပိန်သွားလိမ့်မယ်"

"မပိန်ပါဘူးအမေရယ် ဒီမှာကြည့် သားကသန်မာပါတယ်"

လက်တိုအင်္ကျီကို ပခုံးပေါ်ထိ ပင့်တင်လိုက်ကာ လက်မောင်းကြွေးပြတော့ ပန်းသီးအရွယ်လောက်ရှိသည့် ကြွက်သားအစိုင်အခဲမှာ လက်မောင်းထက်၌မို့ မောက်ထွက်နေသည်။

အမေနှင့်စာလျှင် နှစ်ကိုယ်၊ သုံးကိုယ်စာလောက်ကွာသော ခန္ဓာကိုယ်မို့ စိတ်ပူရန်လည်းမလို။ သို့သော် ခြိုးခြံချွေတာကာ မလောက်မငနှင့် စားနေရသဖြင့် မျက်နှာချောင်နေသည်။

"ကျွန်တော် အဝတ်သွားလျှော်လိုက်ဦးမယ် အမေရေချိုးမလား ရေနွေးတည်ပေးမယ်လေ"

အမေစားပြီးသား ပန်းကန်ကိုကိုင်ကာ တိမ်စိုင် မတ်တတ်ရပ်လိုက်ပြီး နောက်ဖေးသို့ပြန်မဝင်ခင် မေးလိုက်သည်။

"ချိုးမယ်သား အမေဒီနေ့ ငြီးစီစီဖြစ်နေတယ် သားအဝတ်လျှော်ပြီးမှ တည်ပေးရတယ်"

"ဟုတ်အမေ"

ဘေစင်တွင် ပန်းကန်ကို ပြောင်စင်အောင် ပွတ်ဆေးပြီး ပန်းကန်စင်ပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် အပေါ်ဝတ်ကိုဆွဲချွတ်ကာ ရေလဲပုဆိုးဝတ်ပြီး ရေချိုးခန်းထဲဝင်၍ ပုံးထဲမှဆပ်ပြာ စိမ်ထားသော အဝတ်များအား လက်နှင့်ပွတ်လျှော်ကာ ရေနှစ်ထပ်၊ သုံးထပ်ဆေးချသည်။ ရေများကုန်စင်သွားသည်အထိ ညှစ်ထုတ်ကာ ပုံးကိုယူပြီး အိမ်ရှေ့ကိုထွက်လာသည်။

အဝတ်လှမ်းသည့်နှစ်တန်းမှာ အိမ်ရှေ့ခြံထဲတွင်သာ ရှိသဖြင့် လှမ်းရန်ယူလာခဲ့လိုက်သည်။ ရေတစ်စက်စက်ကျနေသော အဝတ်များအား တစ်ချက်၊ နှစ်ချက်ခါကာ အပေါ်တန်းတွင် ချိတ်နှင့် ချိတ်လှမ်းလိုက်သည်။ အောက်ကတန်းတွင်တော့ အမေ့ထဘီများ လှမ်းထားလိုက်သည်။ နေမှာ ခါတိုင်းနေ့များထက် ပိုပူသည်မို့ တစ်ရက်တည်းနှင့် အကုန်ခြောက်လောက်သည်။

သီချင်းတညည်းညည်းနှင့် ပုံးထဲကအဝတ်ကိုယူလိုက် တန်းတွင်လှမ်းလိုက်နှင့် အလုပ်ရှုပ်နေသည့် တိမ်စိုင်အား ရပ်ကွက်ထဲရှိ မိန်းကလေးများ လာချောင်းကြသည်။

"ဟဲ့ ညိုစင် တိမ်စိုင့်ကိုကြည့်ပါဦး ပါမုန့်ခြောက်လုံးနဲ့ဟ ကိုက်ချင်စရာကြီး"

ညိုစင့်လက်မောင်းကို ရတီ သူ့လက်သည်းတွေဖြင့် ကုတ်ကိုင်ပြီး ပါးစပ်ထဲမှ သွားရည်ချောင်းစီးမတတ် ခြစ်ညည်းရိုးရှိ ခွေးတိုးပေါက်မှ အပီအပြင်ကို ဆောင့်ကြောင့်ထိုင်ကာ ချောင်းကြည့်နေသည်။ ရတီတို့ဌာနမှာ ရွှေပေး၍လည်းမရ၊ ငွေပေး၍လည်းမရ။

စနေနေ့တိုင်း တိမ်စိုင် အလုပ်နားလေ့ရှိပြီး အဝတ်ထွက် လှမ်းတတ်သည်ကိုသိသဖြင့် အပတ်တိုင်းလိုလို ကင်းစောင့်နေကြသည့် မိန်းကလေးများ ထိန်း၍ပင်မနိုင်။ ဒါကိုလည်း တိမ်စိုင်သတိမထားမိပေ။

"တိမ်စိုင်ချောတာကို ငါသိပါတယ် ဒါပေမဲ့နင်ငါ့ကို ကုတ်စရာတော့ မလိုဘူးလေဟယ်"

ရတီကိုင်ထားသည့် လက်မောင်းမှာ လက်သည်းများနစ်ဝင်ကာ အရာထင်နေ၍ ညိုစင်နာလာပုံရသည်။ ရတီ့လက်ကို ခပ်စပ်စပ် တစ်ချက်ရိုက်ချပြီး အနားမှတစ်ထွာခန့် ခွာလိုက်သည်။ အများကြီးလည်း ခွာလို့ကမရ ခွာလိုက်ရင် မမြင်ရတော့မှာလည်းကြောက်သည်။

"အေးပါ မကိုင်တော့ပါဘူး တိမ်စိုင်က ယောကျ်ားပီသလွန်းလို့ပါဟယ် ဖြူဆွတ်ပြီး ဖောင်းကြွနေတဲ့ လက်မောင်းတွေကိုလည်း ကြည့်ပါဦး ညတိုင်းသာ ခေါင်းအုံး အိပ်ရရင် ဘယ်လောက် ကောင်းလိုက်မလဲ"

မန်ကျည်းရည် သောက်နေရသလို ချဉ်ပြုံးပြုံး မျက်နှာထားဖြင့် လက်နှစ်ဖက်ကို ပါးမှာကပ်ထားကာ အတွေးကမ္ဘာထဲ ပျော်မွေ့နေသည့် ရတီ။

"ဟဲ့ဟဲ့ ပြစ်မှားတာလည်း တော်ရုံပဲကောင်းတယ်နော် သူ့မှာရည်းစားရှိနေရင် ဘယ်လိုလုပ်မလဲ"

"အမယ်လေး ပူစရာတောင်မလိုဘူး ငါ့မောင်လေးက လူပျိုနုနုထွတ်ထွတ်လေး ရည်းစားတစ်ခါမှ မထားဖူးသေးပါဘူးဟ"

ဒီနှစ်ယောက်က ရပ်ကွက်ထဲက အပျိုကြီးတွေဖြစ်သည်။ အသက်ကတော့ နှစ်ယောက်စလုံး ၃၃ လောက်တော့ရှိပြီ။ တိမ်စိုင့်ကိုချိန်နေတာ နှစ်ပေါင်း ဘယ်နှရာတောင် ချီနေပြီလဲ မသိပေမဲ့ တိမ်စိုင်ကတော့ ကိုယ့်အစ်မအရင်းလိုပဲ ခင်ရှာသည်။

"ဟဲ့ ရတီ နင်တို့ ဘာလုပ်နေကြတာလဲ"

သူတို့နှစ်ယောက်အပေါ်ကို အရိပ်မည်းတစ်ခု ဖြာကျလာတော့ လန့်ဖျပ်ကာ တုန်တုန်ရီရီနှင့် နောက်သို့ လှည့်ကြည့်ကြသည်။

"လန့်သွားတာပဲ အုပ်ချုပ်ရေးမှူးရယ် ရတီတို့က ဘာမှမလုပ်ပါဘူး တိမ်စိုင်တို့ခြံနားမှာ မြက်ပင်တွေများနေလို့ ကူနုတ်ပေးရင်ကောင်းမလား ထိုင်စဉ်းစားနေကြတာ"

"မိန်းကလေးတွေဖြစ်ပြီး လမ်းမကြီးမှာ မြင်မကောင်းအောင် ဘယ်လိုတွေ ထိုင်နေကြတာလဲ ထထ လုပ်စရာရှိတာသွားလုပ် နင်တို့ဒီလို အလေလိုက်နေလို့ ယောကျ်ားမရတာ"

အုပ်ချုပ်ရေးမှူးပြောလိုက်သော ယောကျ်ားမရတာဟူသည့် စကားငါးလုံးကြောင့် ဒေါသတွေဒိန်းကနဲ ဆောင့်ကာတက်လာသဖြင့် ထိုင်နေရာမှ ဆတ်ခနဲ ထလာကြသည်။

"ဘာဆိုင်လို့လဲ အုပ်ချုပ်ရေးမှူးရဲ့ ယောကျ်ားဆိုတာ အချိန်မရွေး ခေါင်းခေါက်ယူလို့ရတယ် ညိုစင်တို့မှာ တစ်ပုံကြီးပဲ မယူချင်သေးလို့သာ ငြိမ်နေတာပါ ညိုစင်တို့က အလေလိုက်နေတာလည်း မဟုတ်ပါဘူး သဘာဝအလှကို တစ်ဝကြီး ခံစားနေတာပါ"

"ဒီလောက်ပူလောင်နေတဲ့ ရာသီဥတုကြီးမှာ အမိုးအကာမရှိဘဲ ထိုင်နေနိုင်ကြတယ်နော် သွားသွား နင်တို့အိမ်ပြန်ကြတော့"

အမည်းရောင် ထီးကောက်တစ်ချောင်းဆောင်းကာ ရတီတို့နှစ်ယောက်ကို ဆူနေသည့် အုပ်ကြီး။ သူများတွေက အသားမည်းမှာစိုးလို့ ထီးကို အလုအယက် ဆောင်းနေကြတဲ့အချိန် သူတို့နှစ်ယောက်ကတော့ လသာနေသည့်အတိုင်း အေးအေးလူလူနှင့် ထိုင်နေကြသည်။ အုပ်ကြီးပြောလည်း ပြောချင်စရာပေ။

"ပြန်ပါပြီ အုပ်ချုပ်ရေးမှူးရယ် ပြန်ပါပြီ ဒီလောက်ပဲဆူပါတော့"

"ဘယ်လိုကောင်မလေးတွေလည်း မသိဘူး ပြောရဆိုရခက်တယ်"

အုပ်ကြီး ပြောပြောဆိုဆိုနှင့် ထီးကိုပိတ်ကာ တိမ်စိုင်တို့ခြံတံခါးကို အပြင်ကနေ လက်နှိုက်ဖွင့်၍ ပွစိပွစိနှင့် ဝင်လာခဲ့သည်။

"ဟာ အုပ်ချုပ်ရေးမှူးကြီး ဘာကိစ္စရှိလို့လဲဗျ မတွေ့ရတာတောင်ကြာပြီ"

တိမ်စိုင်အင်္ကျီကျွတ်နှင့် အဝတ်လှမ်းနေရာက ပြေးလာတော့မှ အုပ်ကြီး ရတီတို့နှစ်ယောက်အကြံကို သဘောပေါက် သွားသဖြင့် ခြံအပြင်ဘက်ကို ခေါင်းမော့ကာ ဘယ်ညာလှည့်ပြီး ပြန်မပြန် ကြည့်လိုက်သေးသည်။

"တိမ်စိုင် မင်းနောက်တစ်ခါ အိမ်ရှေ့ထွက်မယ်ဆိုရင် အဝတ်လေးဝတ်ပြီးမှ ထွက်ပါလားကွာ"

အုပ်ကြီးပြောသည်ကို တိမ်စိုင်သဘောမပေါက် အူကြောင်ကြောင်နှင့်။

"ခင်ဗျာ ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ဘူး အအေးပတ်မှာစိုးလို့ကွ လာ လာ အိမ်ထဲဝင်ရအောင် အဝတ်မြန်မြန်လှမ်း"

တိမ်စိုင်သဘောမပေါက်သဖြင့် အုပ်ကြီး ရွံ့ကာသာ ပြန်ပြောလိုက်သည်။

ဒါကိုလည်း တိမ်စိုင်ကအတည် ထင်နေသည်။

"ဩော် ဟုတ် ဟုတ်ကဲ့ခင်ဗျ အုပ်ချုပ်ရေးမှူးဝင်နှင့်နော် အိမ်ထဲမှာအမေရှိတယ်"

"အေးအေး"

အုပ်ကြီးဝင်သွားပြီးမှ တိမ်စိုင်အဝတ် အကုန်လှမ်းလိုက်ကာ ပုံးကိုအိမ်ထဲပြန်သယ်လာသည်။ အိမ်ရှေ့ခန်းတွင် စကားပြောနေကြသော အုပ်ကြီးနှင့်အမေ့နား သွားမထိုင်သေးဘဲ နောက်ဖေးသို့ဝင်ကာ အဝတ်ဝတ်ပြီးမှ ပြန်ထွက်လာခဲ့သည်။

"မကျူကျူ နေကောင်းရဲ့လား ကျွန်တော်လည်း ရပ်ကွက်ကကိစ္စတွေရှုပ်နေတာနဲ့ မလာဖြစ်တာ"

"ရပါတယ် အုပ်ချုပ်ရေးမှူးရယ် ဒီလိုမျိုး လာကြည့်ပေးတာနဲ့တင်ကျေးဇူးတင်လှပါပြီ ဒါနဲ့ တခြားဘာကိစ္စများ ရှိသေးလို့လဲ"

အုပ်ကြီးဘေးတွင် တိမ်စိုင်ရေနွေးကရားနှင့် ခွက်တစ်ခွက် ယူလာကာ ဝင်ထိုင်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက်ထည့်ကာ အုပ်ကြီးဆီသို့ တိုးပေးလိုက်သည်။ လူကြီးတွေအချင်းချင်း သာကြောင်းမာကြောင်းမေးနေကြသည်မို့ တိမ်စိုင်ဝင်မပြောဘဲ ငြိမ်ငြိမ်လေးထိုင်ကာ နားထောင်နေသည်။

"ဒီနေ့ မကျူကျူတို့သားအမိ ဆေးရုံသွားကြမှာမလား ကျွန်တော်လည်း ကျန်းမာရေးလေး နည်းနည်းပါးပါး စစ်ဆေးကြည့်ချင်တာနဲ့ တူတူသွားမယ်ဆိုပြီးဝင်လာခဲ့တာ"

တိမ်စိုင်ထည့်ပေးတဲ့ ရေနွေးကြမ်းကို မှုတ်သောက်ပြီး လာသည့်အကြောင်းအရင်းကို ပြောပြသည်။ အုပ်ချုပ်ရေးမှူးက တိမ်စိုင်ကိုသဘောကျသည်။ ဘာလို့လဲဆိုတော့ တိမ်စိုင်က အရက်သေစာ သောက်စား

တာလည်းမရှိ၊ အလောင်းအစားလည်း မလုပ်တတ်။

ဒါပေမဲ့ ယောကျ်ားလေး ဗိဇအရတော့ စကားအချေအတင်ဖြစ်ပြီး ထိုးကြိတ်တာလေးတော့ ရှိသည်။ သို့သော် တိမ်စိုင်မှာ အမှန်တရားရဲ့ ဘက်တော်သား ဖြစ်တာကြောင့် သူ့အမှားနဲ့ ရုံးရောက်၊ ဂတ်ရောက်တာမျိုး တော့ မဟုတ်ပေ။ ထို့ကြောင့် တိမ်စိုင်တို့ သားအမိကိုခင်ကာ မကြာခဏဆို သလို သာကြောင်းမာကြောင်းလာ မေးတတ်သည်။

"အတော်ပဲပေါ့ အုပ်ချုပ်ရေးမှူးရယ် မဟုတ်ရင် သားတစ်ယောက်တည်း ကျွန်မကို လိုက်ပို့ရတာ ပျင်းနေရှာမှာ"

"ဦးလေးလိုက်ခဲ့တော့ အမေလည်း စကားလေးဘာလေး ပြောဖော်ရတာ ပေါ့ဗျာ"

"ရပါတယ် ဆယ်နာရီထိုးပြီဦးတို့ သွားကြတော့မလား"

အဲဒီလိုနဲ့ပဲ သားအမိနှစ်ယောက် ရေမချိုးလိုက်ရဘဲနဲ့ အုပ်ကြီးနောက်သို့ ပါသွားကြသည်။

***

ဂွန်တို့အိမ်ရှေ့ခန်းတွင် ကလေးထိန်း အင်တာဗျူး လာဖြေကြသူများမှာ အလှူအိမ်ကဲ့သို့ ပြည့်နှက်နေသည်။ လာသမျှလူတွေအကုန်လုံးကို ဒိုင်ခံစစ် နေသည်မှာတော့ လူကြီးလူကောင်းဂူဂူ။

မကြိုက်သဖြင့် ပြန်လွှတ်လိုက်သည့်လူမှာ သုံးပုံပုံလျှင် နှစ်ပုံခွဲစာလောက် ရှိတာကြောင့် ခြောက်ယောက်လောက်သာ ကျန်တော့သည်။

ဂွန်ကအဖေဆိုပေမဲ့ ရုံးသွားရတာကြောင့် အိမ်မှာကျန်ခဲ့တဲ့ အိမ်တော် ထိန်း အန်တီခင်နှင့် ဖြူသွယ်တို့ကိုသာ ပုံအပ်ထားခဲ့သည်။ တစ်အိမ်လုံးရဲ့ ခေါင်းကိုင်ဖြစ်တဲ့ ဂူဂူကတော့ တိုင်းခန်း လှည့်လည်နေသည့် ဘုရင်ကဲ့သို့

ဆိုဖာခုံပေါ်တွင် လက်ပိုက်ကာ မိန့်မိန့်ကြီးထိုင်နေသည်။

အထိန်းခံရမည့် ကာယကံရှင်ကဝူဝူဖြစ်တဲ့အတွက် အရာအားလုံး ပုံအပ်ထားကြသည်။ သူကြိုက်မှ အဆင်ပြေမည်။

လာကြတဲ့အမျိုးသမီးတွေက အသက်နည်းနည်းကြီးကြတော့ ဝူဝူ့လိုမလောက်လေး မလောက်စား ပိစိညှောင့်တောက် ကလေးတစ်ယောက်က အင်တာဗျူးနေတာဆိုတော့ မခန့်လေးစားလုပ်ကာ ပြန်သွားကြသူများလည်းရှိသည်။

"အဒေါ့်ရဲ့နာမည်က မာလာမြိုင်ပါ သန့်ရှင်းရေးလည်း လုပ်တတ်တယ်၊ အစားအသောက်တွေလည်း ကျွမ်းကျွမ်းကျင်ကျင် ချက်တတ်ပါတယ်"

"ချော်ဘယ်ရီ ဖျော်တတ်ယား"

"ဘာ ... ဘာကိုပြောတာလဲ"

ဝူဝူပြောသည့်စကားကို အဒေါ်ကြီးနားမလည်သဖြင့် နောက်တစ်ကြိမ်ထပ်မေးသည်။

"ချော်ဘယ်ရီယေ ချော်ဘယ်ရီ"

"စတော်ဘယ်ရီသီးဖျော်ရည် လုပ်တတ်လားလို့ မေးနေတာပါ အဒေါ်"

ဖြူသွယ် ကြားကနေ ဘာသာဝင်ပြန်ပေးလိုက်မှ အဒေါ်ကြီး နားလည်သွားပုံရသည်။

"ဖျော်တတ်ပါတယ်"

"ဒါချို့ဖျော်ပေး"

တစ်သက်နှင့်တစ်ကိုယ် ကလေးထိန်းလာဖြေတာ စတော်ဘယ်ရီ ဖျော်ခိုင်းသည့်အိမ်နှင့် အခုမှပဲဆုံဖူးသဖြင့် အဒေါ်ကြီး နားမလည်နိုင်။ သို့သော်လည်း ဖြူသွယ်ခေါ်ရာ နောက်ဖေးမီးဖိုချောင်သို့ ဖျော်ရန်လိုက်သွား

ရသည်။

အနောက်တွင် တန်းစီကာကျန်နေသေးသည့် သူများမှာ ရှေ့ကတစ်ယောက်ပြီး တစ်ယောက် နောက်ဖေးဝင်သွားလိုက်၊ အထုပ်ဆွဲပြီး ပြန်ထွက်သွားကြလိုက်နဲ့ လုပ်နေကြသည်ကို အဖြေထုတ်မရပေ။

ဤအင်တာဗျူး၏ လျှို့ဝှက်ချက်မှာ ဂူဂူရော၊ ဂျွန်ပါကြိုက်သည့် စတော်ဘယ်ရီသီး ဖျော်ရည်ပင်ဖြစ်သည်။ စည်းကမ်းချက်မှာ အချိုလွန်လို့မရ၊ ချဉ်လည်းမချဉ်ရ၊ အရသာလည်း ပေါ့မနေရပေ။ သူစိတ်တိုင်းကျ မရမချင်း အလုပ်မခန့်ဖို့ လုပ်ထားခဲ့သည်။

အဒေါ်ကြီးမာလာမြိုင် ဖျော်နေချိန်တွင် ဂူဂူထမင်းစားစားပွဲမှ သူ့နေရာတွင်ထိုင်ကာ သောက်ရန် အသင့်စောင့်နေသည်။ သူ့မှာလည်း သောက်ရလွန်းလို့ ယနေ့မှ လူမခန့်နိုင်လျှင် ပန်းကမ္ဘာထဲ အလည်သွားရတော့မည်ဆဲဆဲ။

အဒေါ်ကြီး အင့်ခနဲ လာထိုးပေးတော့ ပိုက်ကလေးနှင့် စုပ်ကာ မျက်လွှာချ၍ တစိမ့်စိမ့် သောက်ကြည့်နေသည်။

"နည်းနည်းကျဉ်တယ်"

"ချဉ်တယ်လို့ ပြောတာ အဒေါ်"

အဒေါ်ကြီး စိတ်ထဲမှာတော့ ကျလိကျလိနှင့်ဂူဂူ့ကို ကိုင်ဆောင့်ချင်စိတ်တွေ ပေါ်လာသည်။

ဘယ်လိုကလေးမို့ ဒီလောက်တောင် လူကိုဆရာလုပ်ပြီး ချေးများနေရသလဲမသိဟု အဒေါ်ကြီး တွေးနေမိသည်။

"သကြားထည့်မလား"

"ကြိုက်ဘူး"

ဂူဂူကလည်းမရ။ ဒါဆိုဒါမှ။ အဲဒါနဲ့ပဲ အဲဒီအဒေါ်ကြီးကိုလည်း မခန့်လိုက်ပြန်ပေ။ အဒေါ်ကြီးလည်း မလုပ်ရလေကောင်းလေဆိုပြီး ထွက်သွားလေရဲ့။

အဲဒီလို အဲဒီလိုနဲ့ပဲ နောက်ဆုံးတစ်ယောက် အလှည့်ကို ရောက်လာသည်။ ဘေးကကြည့်နေတဲ့ ဖြူသွယ်တို့ကတော့ တစ်နေ့လုံး ဖတ်ဖတ်ကိုမော။ ဂူဂူလည်း သောက်ရပါများလို့ သေးပေါက်ချင်ပေမဲ့ မပေါက်ဘဲ အောင့်ထားရှာသည်။

"ကောင်းလား"

ပိုက်ကိုအားနဲ့ စုပ်သောက်ပစ်လိုက်ပြီးနောက် ဂူဂူမျက်လုံးပြူးသွားသည်။ ဒီအရသာကို သူကြိုက်သွားသည်။ ချိုမလို ချဉ်မလိုလိုနဲ့ အရသာမို့ သဘောတွေကျကာ လက်ခုပ်ထတီးသည်။

"ကောင်းယယ်"

ဒီစကားကြားရမှပဲ အင်တာဗျူးလာဖြေတဲ့ အန်တီကြီးရော ဖြူသွယ်တို့ရော သက်ပြင်း ကောင်းကောင်း ချလို့ရသွားသည်။

"ဒါဆို အဒေါ် မနက်ဖြန်ကစပြီး အလုပ်လာဆင်းလို့ရပါပြီ"

နောက်ဆုံးပိတ်ရောက်မှပဲ အိတ်နှင့် လွယ်နိုင်တော့သည်။ ဘိတ်ဆုံးဖြစ်သည့် အဒေါ်နှင့်မှ အကြိုက်တွေ့သွားရသဖြင့် မနက်ဖြန်ပင် ချက်ချင်း အလုပ်လာဆင်းရန် ပြောပြီး ပြန်လွှတ်လိုက်သည်။

အဒေါ်ကြီးလည်း ပြန်သွားရော ဂူဂူ ခြေနှစ်ချောင်းကိုလိမ်ကာ။

"တီတီခင် ဂူဂူ ရှူးပေါက်ချင်ယယ်"

တစ်နေ့လုံး အောင့်ထားရတာကြောင့် ဖင်ကိုလိမ်ကာ မနည်းကျစ်ထားရှာသည်။ အန်တီခင်လည်း ဂူဂူ့ကိုချီပြီး အိမ်သာကို တန်းပြေးသွားရသည်။ မပြေးရင် ထွက်ကျတော့မည်။

***

"ဦးလေးနဲ့အမေတို့ အရင်သွားနှင့်နော် သားသတင်း စာတစ်စောင်ဝယ်မလို့ ခဏနေရင်လိုက်လာခဲ့မယ်"

"ရတယ် တိမ်စိုင် အေးဆေးသွား"

အုပ်ကြီးနှင့်အမေကို ဆေးရုံထဲ ဝင်သွားနှင့်ခိုင်းပြီး တိမ်စိုင်ကတော့ ဆေးရုံနားက လမ်းထိပ်မှာရှိတဲ့ သတင်းစာရောင်းနေသည့်ဆိုင်တွင် ကျန်နေခဲ့သည်။

မြို့မ သတင်းစာနယ်တိုက်မှ သတင်းဦး သတင်းထူးများဟု ခေါင်းစဉ်တပ်ထားသည့် သူဝယ်နေကျ သတင်းစာကို ရွေးကာဝယ်လိုက်သည်။

တိမ်စိုင်သတင်းစာဖတ်ရသည့် ရည်ရွယ်ချက်မှာ အလုပ်ခေါ်စာများ ကြည့်ရန်ဖြစ်သည်။ ရန်ကုန်မြို့တစ်မြို့လုံးရှိ နေရာပေါင်းစုံကနေ ခေါ်သော အလုပ်ခေါ်စာများထဲတွင် ထင်ထင်ရှားရှား စာလုံးအမည်းကြီးကြီးနှင့် ရေးထားသည့် ခေါင်းစဉ်တစ်ခုကို တိမ်စိုင်ရှာတွေ့သွားသည်။

"ကလေးထိန်းတစ်ယောက်အလိုရှိသည် ..."

၁။ စိတ်ရှည်ရမည်

၂။ စိတ်ရှည်ရမည်

၃။ စိတ်ရှည်ရမည်

လစာ တစ်လလျှင် ၆ သိန်း အလုပ်လျှောက်လိုပါက မိုးမခအိမ်ရာ၊ ခြံနံပါတ်(၃၈)၊ ဖုန်း_၀၉*** သို့ ဆက်သွယ်ပေးပါရန်" ဟုရေးထားသော ထူးထူးဆန်းဆန်း အလုပ်ခေါ်စာကြောင့် တိမ်စိုင် စိတ်ဝင်စားသွားသည်။

"ကလေးထိန်း ဆိုတာက မိန်းကလေးတွေပဲ လျှောက်လို့ရတာထင်တယ်ဒါပေမဲ့ ယောကျ်ား၊ မိန်းမ မရေးထားတော့ သွားလျှောက်လို့တော့ ရ

လောက်မယ် ထားလိုက်ပါတော့"

သို့သော် စိတ်ပြောင်း၍ လျှောက်လိုလျှောက်ငြား အိတ်ထဲကဖုန်းကို ထုတ်ကာ ဖုန်းနံပါတ်ကို မှတ်ထားလိုက်သည်။ ထို့နောက် သတင်းစာကို ချိုင်းကြားညှပ်ကာ အမေရှိရာ ဆေးရုံသို့ လိုက်သွားတော့သည်။

***

အပိုင်း(၄)

"ဟိုကောင်မလေး ဒီကိုခဏလာ"

ပထမဆုံးဖွင့်ခဲ့သည့် စားသောက်ဆိုင်ကို ဂျွန်ဒီနေ့စစ်ဆေးဖို့ ဆိုင်ထဲကိုဝင်လာရင်း ထောင့်မှာရပ်နေသည့် ကောင်မလေးကို ညာဘက်လက်၏ လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းပူးကာ လက်ယပ်ခေါ်လိုက်တော့ ဂျွန့်ဆီကိုပြေးလာသည်။

"ဟုတ်ကဲ့သူဌေး ဘာကိစ္စရှိလို့ပါလဲ"

ဝိတ်တာမလေး ကိုယ်ကိုယို့ကာ ဂျွန့်ကို အရိုအသေပေးသည်။

"မင်းတို့ကို ဘယ်သူစကပ် ဝတ်ခိုင်းလို့ ဝတ်ထားတာလဲ၊ ငါထုတ်ထားတဲ့ စည်းကမ်းတွေ လိုက်နာရမှာ မင်းတို့မသိကြဘူးလား"

"ရှင် ... ရှင် အဲဒီလိုမဟုတ်ပါဘူး သူဌေး ကို ... ကိုနေသူက ဝတ်လို့ရတယ်လို့ပြောလို့ပါ"

ဒူးပေါ်နေသည့် စကပ်ကို အောက်သို့ဆွဲချရင်း အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ပြောသည်။ ဂျွန် ဝိတ်တာမလေးကို ခေါင်းအစခြေအဆုံး တစ်ချက်ကြည့်လိုက်ပြီး ဘာမှဆက်မပြောဘဲ မျက်ခုံးနှစ်ဖက်မှာ တွန့်ကာအပေါ်သို့ မြင့်တက်လာခဲ့သည်။

"ကိုမင်းအိုင် ကျွန်တော့်ကို နားနေခန်းထဲ လိုက်ပို့ပေး ပြီးရင် နေ သူ့ကို ကျွန်တော့်ဆီ ခေါ်လာခဲ့"

"ဟုတ် ... ဟုတ်ကဲ့ဆရာ"

ကိုမင်းအိုင် ဂျွန်ထိုင်နေတဲ့ ဝိုးလ်ချဲကိုတွန်းပြီး ဂျွန့်ကိုနားနေခန်းထဲမှာ ထားခဲ့ကာ နေသူ့ကို သွားခေါ်လာခဲ့သည်။ နေသူ အခန်းထဲဝင်လာပြီး တံခါး ပြန်ပိတ်ကာ ဂျွန့်ရှေ့တွင် မတ်တတ်ရပ်လိုက်သည်။

"နေသူ မင်းအလုပ်ကနေ ထွက်လို့ရပြီ"

နေသူဆိုသော လူထံသို့ ဂျွန်တစ်သောင်းတန်အပြည့် ထည့်ထားသော စာအိတ်တစ်ခုကို ပစ်ကာပေးလိုက်သည်။ ထိုသူကတော့ စာအိတ်ကိုမထိသေး။

"သူဌေးက ဘာလို့ကျွန်တော့်ကို ဒီငွေထုပ်ပစ်ပေးပြီး အလုပ်ထွက်ခိုင်းရတာလဲ"

ဂျွန်တင်းကျပ်စွာ ဆုပ်ထားသော လက်သီးဖြင့် ဝိုးလ်ချဲလက်ရန်းကို ဒုန်းကနဲမြည်အောင်ထုရင်း။

"စားသောက်ဆိုင် တစ်ဆိုင်တည်ထောင်ဖို့ဆိုတာ လွယ်ကူတယ်လို့ မင်းထင်လား ငါဒီဆိုင်တွေဖွင့်ဖို့အတွက် ငါ့ရဲ့အချိန်တွေ အများကြီး ရင်းနှီးထားခဲ့ရတာ မင်းက ငါ့ရဲ့စည်းကမ်းချက်တွေကို အလွဲသုံးစားလုပ်နေရင် ငါ့ဆိုင်နာမည်ပျက်တယ်ဆိုတာ မင်းနားမလည်ဘူးလား"

နေသူက ဂျွန်တို့ရုံးချုပ်ရဲ့ တာဝန်ခံ။ ပြောရရင်တော့ မန်နေဂျာကို မင်းအိုင်ပြီးရင် ဒီလူကရာထူးအကြီးဆုံး။

ဂျွန်တို့ရုံးချုပ်မှာ မိန်းကလေးဝန်ထမ်းက ယောကျ်ားလေး အရေအတွက်ထက် ပိုများသည်။ ဂျွန်စည်းကမ်းချက် ထုတ်ထားတာမှာ မိန်းကလေးတွေ ဘောင်းဘီရှည် ဝတ်ရမည်ဟူ၍ရှိသည်။

အဲဒါကို နေသူက ဂျွန်မသိအောင်လို့ စည်းကမ်းချက်ကို စကပ်ဝတ်လို့ရတယ်ဆိုပြီး ကောင်မလေးတွေကို ပြန်ပြောင်းပြောတော့ မိန်းကလေးဆို

တာက လှချင်ကြသည်လေ။ အဲဒါကြောင့် ဆိုင်မှာစားပွဲထိုးရင် စကပ်ကိုတို တိုလေး ဝတ်ကြသည်။

"ကျွန်တော် ဘာလုပ်မိလို့လဲ"

နေသူ ပုံမှန်ပြောနေကြလေသံထက် တစ်ထစ်ပိုမြင့်ကာ ပြောလာတော့။

"ဘာလုပ်မိလို့လဲ ဟုတ်လား မင်းခုထက်ထိတောင် မင်းအမှားကဘာ လဲဆိုတာကို မသိသေးတာလား မင်းငါ့ရဲ့ စည်းကမ်းချက်တွေကို ငါ ခွင့်ပြုချက်မပါဘဲနဲ့ မင်းပြောင်းပစ်တယ်လေ မိန်းကလေးတွေ ဘောင်းဘီပဲ ဝတ်ရမယ်ဆိုတဲ့ အချက်ကို ဘာလို့မင်းသဘောနဲ့မင်း မရှိတော့သလို သတ်မှတ်လိုက်ရတာလဲ ဘာလို့ သူတို့ကို စကပ်ဝတ်လို့ရတယ်လို့ မင်း ပါးစပ်ကနေ ပြောရတာလဲ မင်းဒီမှာ အလုပ်လုပ်နေတာ တစ်နှစ်ကျော်နေပြီ နော် မင်းငါ့မျက်နှာကိုတောင် နည်းနည်းပါးပါး မထောက်ဘူးလား"

"စကပ်ဝတ်ခိုင်းလိုက်တာ အဲဒီလောက်တောင် အပြစ်ကြီးသွားလို့လား သူ တို့လည်း ကြိုက်လို့ဝတ်နေတာပဲ ကျွန်တော်အတင်း ဝတ်ခိုင်းတာမှ မဟုတ် တာ ပြီးတော့ သူတို့အဲဒီလို ဝတ်နေတာကြာလှပြီ သူဌေးက ဘာလို့အခုမှ ဒီ အကြောင်းကို စိတ်ဝင်စားနေရတာလဲ"

နေသူက ဒီလိုလူမျိုး ဖြစ်နေလိမ့်မယ်လို့ ဂျွန်တကယ် မထင်ခဲ့ပေ။ သူဟာ ရိုးသားတဲ့သူ။ ကြိုးစားတဲ့ သူတစ်ယောက်လို့ပဲ ဂျွန်ထင်မှတ်ထားခဲ့မိလို့ သူ ဒီဆိုင်ကို နေသူ့လက်ထဲ စိတ်ချလက်ချနဲ့ လွှဲထားလိုက်ခြင်းဖြစ်သည်။

"ငါအားအားယားယား နေနေတာ မဟုတ်ဘူး ငါ့မှာသွားကြည့်ရတဲ့ ဆိုင်ခွဲ တွေအများကြီးပဲ ရှယ်ယာရှင်တွေနဲ့လည်း မကြာခဏ ငါတွေ့နေရတာ မင်း စကားလမ်းကြောင်းကို ပြောင်းမနေနဲ့ မင်းဒီလိုလုပ်တာ ဘာရည်ရွယ်ချက် နဲ့လဲ မင်းမျက်စိအရသာခံချင်လို့လား အေး မင်းတခြားနေရာမှာ ဒီလိုလုပ် ချင်လုပ်လို့ရမယ် ဒါပေမဲ့ မင်းငါပိုင်တဲ့ ငါ့နေရာမှာတော့ မင်းလုပ်ပိုင်ခွင့်မရှိ

ဘူး"

ဆိုင်ကဒီတစ်ဆိုင်တည်း မဟုတ်တော့ တခြားဆိုင်ခွဲတွေ အလှည့်ကျ ကြည့်နေရတာနဲ့ ဂျွန်လည်း ဒီကိုမရောက်ဖြစ်တာ နေ သူ့ကိုခန့်ပြီး သုံးလေးလ ကြာပြီးကတည်းကပေ။ ဒါပေမဲ့ ဒီဆိုင်ကို ဂျွန့်အသိတစ်ယောက် လာစားရင်းနဲ့ ကောင်မလေးတွေ ဒီလိုဝတ်နေတာကိုမြင်ပြီး ဂျွန့်ကို အကြောင်းကြားခဲ့သည်။

တခြားဆိုင်ခွဲတွေမှာက ဂျွန်ချမှတ်ထားတဲ့အတိုင်း နေကြတော့ ဒီဆိုင်တစ်ဆိုင်ပဲကွက်ပြီး လူပြောစရာဖြစ်နေသည်။ ဒါကြောင့် သတင်းရရချင်း ဂျွန်အပြေးလာခဲ့တော့ သူကြားခဲ့သည့် အတိုင်းပင်။

"ဟုတ်တယ်လေ သူတို့တောင် ဝတ်ပြသေးတာပဲ ကျွန်တော်ကကြည့်တော့ရော အသားပွဲပါသွားလို့လား"

သူက မိန်းကလေးတွေအပေါ်မှာ နှမချင်းစာနာတဲ့ စိတ်မထားဘဲ သူ့မျက်စိကို အစာကျွေးချင်ရုံ သက်သက်နှင့် လုပ်ခဲ့ခြင်းဖြစ်သည်။ တချို့မိန်းကလေးတွေကိုလည်း ထိကပါးရိကပါး လုပ်တာမျိုးလည်း ရှိသော်လည်း နေသူ့ကိုကြောက်သဖြင့် စကားတစ်ခွန်းမှမဟခဲ့ကြပေ။

"တော်ပြီ မင်းလိုလူမျိုးနဲ့ စကားဆက်မပြောချင်တော့ဘူး ဒီပိုက်ဆံတွေယူပြီး မင်းငါ့မျက်စိရှေ့ကနေ ထွက်သွားတော့ ငါမင်းမျက်နှာကို မမြင်ချင်ဘူး"

ဂျွန်မျက်မှောင်ကိုကြုတ်ကာ မျက်နှာတစ်ခုလုံး ဒေါသစိတ်ဖြင့် နီရဲနေသည်။ ဗီးလ်ချဲဘီးကို လက်ဖြင့်လှည့်ကာ နေသူ့ကိုကျောခိုင်းရင်း ထိုစကားကိုပြောလိုက်သည်။

နေ သူဘာမှထပ်မဟတော့ဘဲ ဂျွန်ပစ်ပေးထားတဲ့ ပိုက်ဆံထုပ်ကိုယူကာ တံခါးကို ဆောင့်ပိတ်ပြီး ထွက်သွားသည်။ ဆိုင်ထဲကကောင်မလေး

ဝန်ထမ်းတွေကတော့ နေသူထွက်သွားသည်ကို ကြည့်ကာ ပျော်တော့ ပျော်သွားကြသည်။ ဒီလိုအကျင့်ပျက်နေတဲ့ လူတစ်ယောက်ကို သူတို့ မရှိစေချင်တာကြာနေခဲ့ပြီ။

နေသူထွက်သွားပြီးတော့ ကိုမင်းအိုင် အခန်းထဲကို ပြန်ဝင်လာသည်။

"ဆရာ အဆင်ပြေရဲ့လား"

"မပြေဘူး ကျွန်တော် အရမ်းစိတ်ရှုပ်နေတယ် ဒီနေ့ရှိသေးတဲ့ အချိန်ဇယားတွေ အကုန်ဖျက်လိုက်တော့ ကျွန်တော်အိမ်ပဲ ပြန်တော့မယ်"

ကိုမင်းအိုင် ဝန်ထမ်းကောင်မလေးတွေ အားလုံးကို မူလစည်းကမ်းချက်စာရွက်ဝေပေးပြီး ဝှီးလ်ချဲတွန်းကာ ဂျွန့်ကို ကားပါကင်ဆီ ခေါ်လာခဲ့သည်။

ဂျွန် သူ့ရဲ့လက်နှစ်ဖက်ကို အားပြုပြီး ကားနောက်ခုံပေါ်ထောက်ကာ တက်လိုက်သည်။ ကြွမရတဲ့ ခြေထောက် တစ်ဖက်ကိုတော့ ကိုမင်းအိုင် မ,ကာ တင်ပေးသည်။ ထို့နောက် ဝှီးလ်ချဲကိုခေါက်ပြီး ကားနောက်ခန်းထဲတွင် ထည့်ကာ ကားမောင်းလာခဲ့သည်။

ဂျွန့်ရဲ့ မျက်နှာကတော့ လေပြည့်နေတဲ့ ပူစီဖောင်းလို တင်းရင်းနေသည်။ ညိုလွဲ့နေတဲ့ မျက်နှာပေါ်တွင် ဖြောင်းစင်းနေသော အနက်ရောင်ဆံနွယ်တစ်မျှင်မှာ ယနေ့မှမျက်စိထဲတွင် ရှုပ်နေသလိုလို။ မျက်နှာပေါ်ကျလာတဲ့ ဆံပင်ကို အပေါ်သပ်တင်ရင်း လက်နှစ်ဖက်ကို ပိုက်ထားကာ ကားနောက်ခုံကိုမှီရင်း အဖေ့အကြောင်းကို တွေးမိသည်။

အဖေကလည်း မိန်းမဆိုရင် ပို့ပို့အိုအို တစ်ခုမှမရှောင်တဲ့လူ။ မျက်စိရှေ့မှာတွေ့ရာကို အကုန်ဆွဲသိမ်းတတ်တဲ့လူ။ နေသူ့ကို အလုပ်ထုတ်လိုက်တာက နေသူက သူ့အဖေနဲ့ တူနေတာကြောင့် ဖြစ်သည်။ မိန်းကလေးတွေကို ငွေစက္ကူတစ်ရွက်လို တန်ဖိုးထားတတ်တဲ့ အဖေ့ကြောင့် အဲဒီလိုလူတွေကို

ဂျွန်ခါးခါးသီးသီး မုန်းတတ်လာခဲ့သည်။

သူ့ရဲ့ ဝန်ထမ်းမိန်းကလေးတွေကို သူ့အဖေလိုလူမျိုးနဲ့ တွေ့မှာစိုးတာကြောင့် အစကတည်းက လုံလုံခြုံခြုံဝတ်ဖို့ သူပြောထားခဲ့သည်။ သူတို့စိတ်ရှုပ်တာ၊ မရှုပ်တာကနောက်မှ အရက်သိက္ခာကိုသာ အရင်ဦးစားပေး စဥ်းစားခဲ့သည်။

"အဖေ ... အဖေနိုင်ငံခြားမှာ ရှိနေတာမို့ ကျွန်တော် စိတ်သက်သာရတယ် ဒါပေမဲ့ အဖေအဲဒီမှာလည်း ကောင်မလေးတွေနဲ့ ပျော်နေလောက်မှာပဲနော်"

***

မနေ့က အလုပ်ခန့်လိုက်သည့် အဒေါ်ကြီး ပထမဆုံးရက် အလုပ်ဆင်းရန် အိမ်ကိုရောက်နေသည်။

"အဒေါ်အိမ်ရှေ့မှာနေပြီး ဂူဂူ့ကို သေချာကြည့်ပေးပါနော် သမီးတို့က နောက်ဖေးမှာ ဟင်းသွားချက်နေမှာမို့လို့ အဒေါ်ကဂူဂူနဲ့ ဆော့ပေးရုံပါပဲ"

ဖြူသွယ် ပြုံးကာပြောတော့ အဒေါ်ကြီးလည်း ပြန်ပြုံးပြကာ ချိုချိုသာသာဖြင့်။

"ရပါတယ် သမီးတို့ လုပ်စရာ ရှိတာသာလုပ် အဒေါ်အကုန် အဆင်ပြေအောင် လုပ်ပေးမယ်"

ဖြူသွယ် ကလေးကို အပ်ထားခဲ့ပြီး အန်တီခင်ကို နောက်ဖေးမှာ သွားကူလုပ်ပေးရန် ထွက်သွားသည်။

"ဂူဂူ ကာတွန်းကြည့်ချင်ယယ် တီဗွီထွင့်ပေး"

ထိုအဒေါ်ကြီးမှာ ဖြူသွယ်နှင့် စကားပြောနေတုန်းက ရုပ်နှင့်ကော၊ လေသံကောမှာ တခြားစီဖြစ်သွားကာ ဆိုဖာပေါ်ကိုထိုင်ချရင်း ခြေထောက်တစ်ဖက်ကိုချိတ်၊ လက်ကိုပိုက်ကာ ဂူဂူပြောတာကို အရေးမစိုက်

ခြေထောက်ကိုသာ လှုပ်နေသည်။

"တီဗွီထွင့်ပေးယို့"

ဝူဝူပြောသည့် စကားကို မကြားချင်ယောင်ဆောင်၊ ဝူဝူ့ကိုရှိသည်လို့တောင် မတွေးဘဲ ဧည့်ခန်းတစ်ခုလုံးကို မျက်လုံးဖြင့် ဝေ့ယမ်းကာကြည့်နေသည်။

သားရေအကောင်းစားနဲ့ စွပ်ထားတဲ့ ဆိုဖာထိုင်ခုံတွေ၊ တန်ဖိုးကြီးဖန်ထည်တွေနဲ့လုပ်ထားတဲ့ ပန်းအိုးတွေကိုကြည့်ပြီး မျက်စိကျနေသည့် အဒေါ်ကြီးကို တီဗွီမဖွင့်ပေးသဖြင့် ဝူဝူမကျေမနပ်ဖြစ်ကာ အဒေါ်ကြီးနားကပ်လာပြီး ပေါင်ကို ကိုက်ထည့်လိုက်သည်။

"အား ... သေပါပြီ မင်းငါ့ကို ဘယ်လိုလုပ်လိုက်တာလဲ ကလေးက ကလေးလိုမနေဘူး လူကြီးကိုလာပြီး ဒုက္ခပေးတယ်ပေါ့လေဟုတ်လား"

ဝူဝူ့ကို နဖူးကနေ အားနှင့် ဆောင့်ကာတွန်းထုတ်တော့ ဝူဝူ လဲကျသွားသည်။ သို့သော် ဝူဝူလုံးဝမငို။ ဖင်ထိုင်ရက် ပြုတ်ကျရာကနေ ပြန်ထကာ နှာခေါင်းရှုံ့မဲ့ပြီး လက်သီးကို ကျစ်နေအောင်ဆုပ်ထားသည်။

"တီဗွီကြည့်ချင်တယ်ယို့"

ဝူဝူသူ့အသံကို အဆုံးထိမြှင့်ကာ အာခေါင်ခြစ်ပြီး အော်လိုက်တော့ ဖြူသွယ်အိမ်နောက်ဖေးကနေ ပြေးထွက်လာသည်။

"ဝူဝူဘာဖြစ်လို့လဲ တီဗွီကြည့်ချင်နေတာလား"

ဖြူသွယ်အောက်တွင် ထိုင်ချကာ ဝူဝူ့ကိုဖက်ပြီး မေးလိုက်တော့ ခေါင်းညိတ်ပြတာနဲ့ အဒေါ်ကြီးကို မော့ကြည့်သည်။

"အ ... အဒေါ်က လူကြီးဆိုတော့လေ တီဗွီဘယ်လိုဖွင့်ရမလဲ မသိလို့ပါ သမီးရယ်"

ဟန်ဆောင်ကောင်းလွန်းတော့လည်း သရုပ်မှန်ရှိနေတဲ့ မျက်နှာဖုံးက မကွာကျလာခဲ့ပေ။ ကြောင်သူတော်ကြွက်သူခိုး ပုံစံနှင့် ဘာမှမသိတဲ့ အဘွားအိုကြီးတစ်ယောက်လို ဟန်ဆောင်နေသည်မှာ အကယ်ဒမီပေးလို့ ရလောက်သည်။

"ဩော် ... ရပါတယ် သမီးပဲ ဖွင့်ပေးလိုက်မယ် ဂူဂူစိတ်မဆိုးနဲ့တော့နော် အဒေါ်ကမသိလို့ပါ တမင်လုပ်တာမဟုတ်ပါဘူး လာ မမဖွင့်ပေးမယ်"

ဖြူသွယ်ကငယ်သေးတော့ အဒေါ်ကြီး ပြောနေသည်ကို ယုံသဖြင့် ဂူဂူ့လက်ကိုဆွဲကာ တီဗွီနားသို့ခေါ်လာခဲ့သည်။ ဂူဂူကတော့ မဲ့ပြုံးပြုံးနေတဲ့ အဒေါ်ကြီးရုပ်ကို လည်ပြန်ကြည့်ကာ ယခင်အတိုင်း နှုတ်ခမ်းစူထားဆဲ။

"ကဲ ဖွင့်လို့ရသွားပြီ ကြည့်တော့ အဒေါ်သမီးလည်း သွားလိုက်ဦးမယ်နော်"

"ဩော် အေးအေး"

ဖြူသွယ် နောက်ဖေးဝင်သွားတော့ အဒေါ်ကြီးရဲ့မျက်နှာဖုံးက ပြန်ကွာကျသွားပြန်သည်။ ဂူဂူ ထိုအဒေါ်ကြီးကို ကျောပေးကာ တီဗွီကြည့်နေချိန် လူအလစ်မှာ အပေါ်ထပ်သို့ ခိုးတက်သွားသည်။

ဂူဂူတီဗွီကြည့်နေပေမဲ့ အာရုံကအဒေါ်ကြီးဆီမှာ ရောက်နေတာကြောင့် အဒေါ်ကြီးနောက်ကနေ လှေကားထစ်ကို လေးဖက်ကုန်းတက်ကာ လိုက်သွားခဲ့သည်။

သူ့အဖေအခန်းထဲကို ဝင်သွားတာကို ဂူဂူတွေ့လိုက်သဖြင့် ကိုယ်ကို တံခါးနောက်တွင်ကွယ်ကာ ချောင်းကြည့်တော့ သူ့အဖေရဲ့မွေ့ရာ၊ အသုံးအဆောင်လက်ဝတ်လက်စားတွေကို ထိနေတာတွေ့သည်။

သူကပိစိလေးဆိုတော့ အခန်းထဲဝင်သွားရင် အဒေါ်ကြီးပြန်လုပ်မှာ စိုး

တာကြောင့် လူကြီးတွေကို အသိပေးဖို့ အိမ်အောက်ထပ်ကို ပြေးဆင်းလာခဲ့သည်။

***

ဆေးရုံကို စစချင်းလာပြတုန်းက တစ်ကိုယ်လုံးကို ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုလုပ်ရသည်။ နောက်ပြီး သွေးနမူနာယူကာ ဆီးနှင့်ဝမ်းကို စစ်ဆေးခဲ့သည်။

ဓာတ်မှန်ရိုက်ကြည့်ပြီး အဖုအကြိတ်တွေ၊ တခြားမူမမှန်တာတွေ ရှိမရှိ ထပ်စစ်ရသည်။ ဒါတင်မပြီးသေးဘဲ Endoscopic ultrasonography (EUS) ကွန်ပျူတာဖြင့် ကြည့်ရသော သုံးဖက်မြင်ကိရိယာနဲ့ ကင်ဆာမည်သည့် အဆင့်ထိ ရောက်နေပြီဆိုတာကို ကြည့်ရသည်။

ထို့နောက် PET scan ဖတ်ကာ ကင်ဆာပျံ့နှံ့နှုန်းကို စစ်ဆေးကြည့်ခဲ့ပြီးမှ နောက်ဆုံးအဆင့်သို့ ရောက်နေမှန်းသိခဲ့ရသည်။

အဲဒီနေ့တုန်းက သားအမိနှစ်ယောက် အရှင်လတ်လတ် ငရဲကျခဲ့သလိုပေ။ ငွေကြေးကလည်း အကြွေးတွေ ဆပ်ရလို့ကုန်။ ထပ်ချေးမယ်ဆိုတော့လည်း ပေးမဲ့ သူကမရှိတာနဲ့ မရှိရှိတာ ထုတ်ရောင်းရကာ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဖြစ်သွားခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်။

နောက်ဆုံးအဆင့် ဖြစ်သဖြင့် ကင်ဆာဆဲလ်များမှာ အသည်းနှင့် အဆုတ်ထိ ပျံ့နှံ့နေတာကြောင့် ခွဲစိတ်ပြန်ရင်လည်း အချိန်မမီတော့ပေ။ ထို့ကြောင့် ခီမိုဆေးသွင်းကာ ရောဂါလက္ခဏာမပြအောင် ထိန်းထားရုံလောက်သာ။

ဒါပေမဲ့လည်း ဆေးတိုင်းမှာက ဘေးထွက်ဆိုးကျိုးရှိသဖြင့် ခီမိုသရာဖီကုထုံးဟာလည်း လူကိုပင်ပန်းနွမ်းနယ်ကာ အားယုတ် သွားစေနိုင်တာကြောင့် ထိုကုထုံးကိုမခံယူခင်မှာ လုံလောက်တဲ့ အနားယူမှုလိုအပ်သလို၊ အစာကို

လည်း ကျေညက်အောင်စားရမည်။ ရေလည်းများများသောက်ကာ ကိုယ်ခံအားကောင်းအောင် လုပ်ရပေမည်။

"ဆရာ အမေအဆင်ပြေရဲ့လား"

အမေသန့်စင်ခန်း သွားနေချိန် တိမ်စိုင်ဆရာဝန်ကို စိုးရိမ်ကြီးစွာဖြင့် မေးလိုက်သည်။

"ဆရာစိတ်မကောင်းပေမဲ့ ပြောရမယ်သား လူနာရဲ့ခန္ဓာကိုယ်ထဲမှာ ကင်ဆာဆဲလ်တွေက နေရာအနှံ့ကို ပျံ့နေတာကြောင့် သိပ်ကြာကြာနေရတော့မယ် မထင်ဘူး ပိုဆိုးတာက လူနာက ဆက်ကုချင်တဲ့ စိတ်မရှိတော့တာဘဲ သူ့ရဲ့စိတ်က လောကကြီးကို အရှုံးပေးလိုက်ပြီ"

တိမ်စိုင် ဒီလိုစကားတွေကို ကြားရတော့မယ်ဆိုတာ သူအစကတည်းက သိနေခဲ့ပါသည်။ အမေ့ကိုသူအကြိမ်ကြိမ် ဖျောင်းဖျကာ မဖြစ်ဖြစ်တဲ့ နည်းလမ်းနဲ့ဆက်ကုဖို့၊ စိတ်မလျှော့လိုက်ဖို့ကို သူနားဝင်အောင် ရှင်းပြခဲ့ဖူးပါသည်။ သို့သော် အမေ့ရဲ့စိတ်ကို ဘယ်အရာကမှတားလို့မရခဲ့ပေ။

သက်သက်သာသာနဲ့ပဲ လောကကြီးကနေ ထွက်သွားချင်ပြီတဲ့လေ။ တစ်ယောက်တည်းရှိတဲ့ သားကိုထပ်ပြီး တစ်ယောက်တည်းထားခဲ့မဲ့ အမေ့ကို သူလွှတ်ပေးထားလိုက်ရသည်။ ဒါအမေဖြစ်ချင်ခဲ့တဲ့ နောက်ဆုံးဆန္ဒဖြစ်တာကြောင့် သူဘာပြောပြောနားမဝင်ခဲ့ပေ။ အမေက ခေါင်းမာတဲ့သူ။

"ဒါဆိုရင် အမေဘယ်လောက်ကြာကြာ နေနိုင်မလဲဆရာ ခန့်မှန်းခြေလေးပြောပြပါလားဗျာ"

"အလွန်ဆုံးနှစ်ပတ်ပဲ အဲဒီထက်ပိုဖို့တော့ မဖြစ်နိုင်ဘူး"

တိမ်စိုင်ပြန်ပြောစရာ စကားလုံးပင် ရှာမတွေ့ခဲ့ပေ။ ငိုချင်တာတောင် မျက်ရည်ထွက်မလာခဲ့တဲ့ ခံစားချက်က အတော်ပင်ဆိုးသည်။ ငိုလိုက်လျှင်

တောင် စိတ်သက်သာယာ ရသွားပေဦးမည်။ သို့ပေမဲ့ အခုဟာကရင်ထဲမှာ ပြည့်သိပ်နေတဲ့ဝေဒနာ။

ဆေးရုံခန်းထဲက ထွက်လာတော့ သန့်စင်ခန်းကနေ ပြန်လာတဲ့ အမေနဲ့ တိုးသည်။ အမေလူ့လောကမှာ ဘယ်လောက်မှ မနေရတော့ဘူးတဲ့ ဒါက အိပ်မက်တစ်ခုသာဆိုရင်၊ အိပ်မက်ဆိုးတစ်ခုသာဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲလို့သာ သူတွေးနေနိုင်တော့သည်။

နှုတ်ခမ်းပါးလေးတွန့်ပြီး ပြုံးပြတတ်တဲ့ အမေ့ရဲ့မျက်နှာလေးကို သူ့ရဲ့ အသိစိတ်တွေက သိမ်းဆည်းထားဖို့ လှုံ့ဆော်နေခဲ့သည်။ ဘယ်နေ့မှာ ဒီ အပြုံးတွေ ပျောက်ဆုံးသွားမလဲဆိုတာ အမေရော၊ သူရောမသိပေမဲ့ ကံကြမ္မာကတော့ အဆုံးသတ်တစ်ခုကို ချမှတ်ပြီးခဲ့ပြီ။ ကိုယ်ကဝင်စွက်ဖက်ပြီး ခြယ်လှယ်လို့ကလည်းမရ။

"အမေ ကျွန်တော်တို့ အိမ်ပြန်ကြရအောင် အမေအနားယူရမယ်လေ ဆေးရုံကိုလမ်းလျှောက် လာရတာ ပင်ပန်းသွားပြီမလား"

"ပင်တော့မပင်ပန်းပါဘူး ဒါပေမဲ့ အမေအိမ်ကိုတော့ ပြန်ချင်နေပြီ"

"ဒါဆို ကျွန်တော်တို့ပြန်ကြမယ်"

အမေ့လက်ကို တွဲကိုင်ကာ ဆေးဖိုးသွင်းပြီး ဆေးရုံထဲကနေ ထွက်လာခဲ့ကြသည်။

***

နောက်တစ်နေ့မနက်ရောက်တော့ တိမ်စိုင်သူ့ရဲ့ တစ်ခုတည်းရှိတဲ့ အိတ်ကိုစလွယ်သိုင်းပြီး တံတားတစ်ခုစီသို့ လေညင်းခံရန် ထွက်လာခဲ့သည်။

ဒါက သူလာနေကြတံတား၊ သူစိတ်ညစ်လာတဲ့အခါတိုင်း ရင်ဖွင့်နေကြ နေရာ။ သူ့ရဲ့သုခဘုံလေး။

ဒီတံတားသာ အသက်ရှိမယ်ဆိုရင် တိမ်စိုင်ပြောသမျှ နားထောင်ပေးနေရလွန်းလို့ နားငြီးနေလောက်ပြီ။ သက်မဲ့အရာတစ်ခုကို စကားပြောနေရတာက ရူးနှမ်းရာကျပေမဲ့ သူ့အတွက်တော့ ငွေလိုမျိုးရှားပါးတဲ့အရာ။

သုံးပေမြင့်တဲ့ တံတားပေါင်ပေါ်ကို ခုန်တက်ကာ ထိုင်လိုက်ပြီး ရေတွေပဲရှိတဲ့ အောက်ကြမ်းပြင်ကို သူခြေထောက်ဆင်းလိုက်သည်။

"တိမ်စိုင်"

လွတ်လွတ်လပ်လပ် ချထားရတဲ့ ခြေထောက်နှစ်ချောင်းကို အားပါးတရလှုပ်ယမ်းကာ တိမ်မရှိတဲ့ကောင်းကင်ပြင်ကို မော့ကြည့်နေစဉ် ပခုံးထက်သို့ လက်တစ်ဖက် ကျရောက်လာပြီး သူ့နာမည်ကို အော်ခေါ်လိုက်တာကြောင့် တိမ်စိုင်လန့်သွားကာ နောက်ကိုလှည့်ကြည့်သည်။

"မင်းငါ့အကြွေးတွေ ဘယ်တော့ပြန်ဆပ်မှာလဲ မင်းယူထားတာ ကြာနေပြီနော် အရင်းမပြောနဲ့ ငါအတိုးတောင်မရဘူး"

ဦးမာန်ထက်က ငွေတိုးချေးစားတဲ့လူတွေထဲမှာ နာမည်အရဆုံးနဲ့ အန္တရာယ်အရှိဆုံး လူတစ်ယောက်။ တိမ်စိုင် သူ့အမေကြောင့်သာ ဒီလိုလူမျိုးနဲ့ ပတ်သက်ခဲ့ရသည်။ သူစိတ်ရှိတဲ့အတိုင်းဆို အဲဒီလူကို ထိုးပြီးတာကြာလှပြီ။ ဒါပေမဲ့ ခုတော့ အထိုးခံရမဲ့ လူကတိမ်စိုင်ဖြစ်နေပြီ။

ဦးမာန်ထက် တိမ်စိုင့်ရဲ့ အင်္ကျီစကိုဆွဲကာ သတ်မဲ့ဖြတ်မဲ့ အကြည့်တွေနဲ့ မေးတော့။

"ကျွန် … ကျွန်တော် မပေးနိုင်သေးလို့ပါ ဦးမာန် ကျွန်တော့်ကို ခဏလောက်ပဲ ထပ်စောင့်ပေးပါ မကြာခင်ပြန်ဆပ်ပါ့မယ်"

"မင်းငါ့ကို ဒီတစ်လအတွင်း ငွေတွေအကုန် ပြန်ဆပ်ရင်ဆပ် မဟုတ်ရင် ငါမင်းကိုထောင်ထဲပို့ပစ်မယ်"

"အား .."

ဦးမာန်ထက်နဲ့ တိမ်စိုင် ရန်းရင်းဆန်ခတ်ဖြစ်ကြရင်း တံတားပေါင်ကနေ ချော်ကာ အေးစိမ့်နေတဲ့ ရေထဲကို တိမ်စိုင်ပြုတ်ကျသွားသည်။

ဗွမ်းခနဲ မြည်သံနှင့်အတူ ရေထဲသို့ တစိမ့်စိမ့် နစ်ဝင်သွားသော ကိုယ်ခန္ဓာ။ ဖွင့်မရအောင် လေးလံနေတဲ့မျက်လုံးတွေက တင်းကာ မှိတ်ထားသကဲ့သို့။

မျှော်လင့်ချက်ဆိုတာ ဘာလဲ သူမသိဘူး ပြီးတော့ သူရေလည်း မကူးတတ်ပေ။

ကံတရားက သူ့အပေါ်ကို ဘာလို့ရက်စက်ရတာလဲ။

***